မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁ ရက်၊ ၂၀၀၈ ခုနှစ်၊ ဩဂုတ် ၃၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၇)၊ အမှတ်(၃၃၁)

ဗဟုသစ္စ တော် မင်္ဂလ မုတ္တမံ

အကြားအမြင်များခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မလေးရှားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၃၁

၂၀၀၈ ခုနှစ် ဩဂုတ်၃၁ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မလေးရှားနိုင်ငံ ဘုရင် တွမ်ကူ မီဇန် ဇိုင်နယ်လ် အာဘီဒင် အစ်ဘနီ အယ်လ်မာဟွန်း ဆူလ်တန် မာမွတ် အယ်လ်မုတာဖီ ဘီလာရှားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မိုးရွာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မလေးရှားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၃၁

၂၀၀၈ ခုနှစ် ဩဂုတ်၃၁ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံမှ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆရီ အဗ္ဗဒူလာ ဘင် ဟာဂျီ အာမက် ဘာဒါဝီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းအတွင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကျင်းပ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အားပေး

ရန်ကုန် ဩဂုတ် ၃၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ဂုနာရီတွင် ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်ရှိ သိဂ်ုတ္တရကုန်းတော် ပရိဝုဏ်အတွင်း ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ သတ်မှတ်နေရာ၌ ပွင့်ရာဇာမိအင်ကြင်းပင်ကို စိုက်ပျိုးပေးပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ပွင့်ရာဇာမိ အင်ကြင်းပင်နှင့် ကံ့ကော်ပင်တို့ကို စိုက်ပျိုးပေးကြသည်။

စိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရွှေတိဂုံစေတီတော် ရင်ပြင်တော်မြောက်ဘက်ရှိ သတ်မှတ်နေရာ ပလ္လင်ထက်၌ ရာဇာယတနလင်းလွန်းပင်ကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ထန်းပင်ကိုလည်းကောင်း စိုက်ပျိုးပေးကြသည်။

ရွှေတိဂုံစေတီတော် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပွင့်ရာဇာမိပင် ၅၄ပင် အပါအဝင် အရိပ်ရလေကာပင်၊ အလှပင်၊ သီးပင်စားပင်ပေါင်း၁၅၀၀ ကျော်ကို ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များက စိုက်ပျိုးပေးကြသည်။

တက်ရောက်အားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ကန်တော်ကြီး သဘာဝဥယျာဉ်အတွင်း ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၊ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၊ ပြည်သူ့လွှတ်တော်ဝင်းအတွင်း ကျင်းပသည့် ရန်ကုန်အနောက်ပိုင်းခရိုင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၊ ရန်ကုန်မြောက်ပိုင်းခရိုင် ***စာမျက်နှာ ၈ ကော်လံ ၅*** ✡

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သနပ်ပင်ကျေးရွာ၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ခရေပင်ကိုစိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

မြန်မာနိုင်ငံ၏ ယနေ့အခြေအနေမှာ အကောင်းဘက်မှ အပြုသဘောဆောင်နေပြီဖြစ်ရာ ဖန်ခွက်ထဲမှာ ရေတစ်ဝက်ပြည့်နေသည့် အနေအထားဖြစ်သည်။ လိုနေသော ရေတစ်ဝက်ကို ထပ်ဖြည့်ရန်အတွက် ဥစ္စာရင်လို ဥစ္စာရင်ခဲ ဆက်လက်ကြိုးပမ်းရမည်မှာ ကျွန်ုပ်တော်တို့အားလုံး၏ တာဝန်ပင်။

လှေလှော်သူတစ်ဦး၏ ဆောင်းပါး စာ - ၁၀

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် ဩဂုတ် ၃၁ ရက်)

သစ်တောသစ်ပင်များ ဝိုင်းဝန်းထိန်းသိမ်းကာကွယ်

မြန်မာနိုင်ငံသည် ရေမြေသယံဇာတများ ပေါကြွယ်ဝသော နိုင်ငံဖြစ်သည်။ နိုင်ငံအကျယ်အဝန်း၏ ထက်ဝက်ကျော်၌ သစ်တောများ ဖုံးလွှမ်းလျက်ရှိသည်။

နိုင်ငံ၏ ဒေသအနှံ့အပြားတွင် ရာသီဥတုနှင့် မြေမျက်နှာပြင်ကိုလိုက်၍ သစ်တောမျိုးစုံ ပေါက်ရောက်လျက်ရှိရာ သစ်တောများမှ လူတို့၏ အခြေခံလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်း သစ်တောများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိရာမှာ အစီအမံများချမှတ်၍ ဆောင်ရွက်ခဲ့သည်။ သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ၊ အထူးကျွန်းစိုက်ခင်း စီမံကိန်း၊ ဒီရေတောများ ပြန်လည်စိုက်ပျိုးထိန်းသိမ်းရေးစီမံကိန်း၊ ရေဝေရေလဲဒေသ စီမံကိန်း စသည်ဖြင့် အထူးစီမံကိန်းများ ချမှတ်၍ ဖော်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် သဘာဝကျွန်းတောများ၊ အမြဲစိမ်းလန်းသောတောများ၊ ရွက်ကြွေတောများ၊ ဒီရေတောများ စသည်ဖြင့် တန်ဖိုးရှိသော သစ်ပင်များ ပေါက်ရောက်လျက်ရှိရာ သစ်တောမပြုန်းတီးရေး ဝိုင်းဝန်းတားဆီး ကာကွယ်သွားကြရမည် ဖြစ်သည်။

သစ်တောသစ်ပင်များသည် ပတ်ဝန်းကျင် အခြေအနေကောင်းမွန်လှသည်နှင့်အမျှ မြေပြိုတိုက်စားမှုကို ကာကွယ်ခြင်း၊ ရေကောင်းရေသန့် ရရှိခြင်း၊ ရှုခင်းသာယာလှပခြင်း၊ မြေဆီမြေလွှာ ထိန်းသိမ်းနိုင်ခြင်း၊ သားငှက်တိရစ္ဆာန် ကာကွယ်ထိန်းသိမ်းနိုင်ခြင်း၊ ရေဝေရေလဲ ထိန်းသိမ်းနိုင်ခြင်းနှင့် လေထုညစ်ညမ်းမှုကို ကာကွယ်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပေသည်။

သို့ဖြစ်၍ သစ်တောသယံဇာတများ အစဉ်အဆက် ဖြစ်ထွန်းရှင်သန် ပေါက်ရောက်ရေးအတွက် တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စိမ်းလဲ့ရွှေပြည်သတင်းဂျာနယ် အတွဲ(၅)၊ အမှတ်(၁၉)ထွက်ပြီ

ရန်ကုန် ဩဂုတ် ၃၀

အဆိုပါဂျာနယ်တွင် ကွမ်းမိုးဒိန်း စံပြကျေးရွာ လျှပ်စစ်မီးလင်းပြီ၊ ပျဉ်ညောင် ဘိလပ်မြေစက်ရုံမှ၂၀၀၉ဧပြီတွင်ဘိလပ်မြေ စတင်ထုတ်မည်၊ အင်းများ၊ တင်ဒါလုပ်ငန်း များ(၉)လပိုင်းမှစတင်လုပ်ခွင့်ရမည်၊ လိုင်စင် ခွန်လည်း ၅၀ရာခိုင်နှုန်းအထိ လျှော့ချမည်၊ ရန်ကုန်မြို့တော်စည်ပင်က ရေလိုအပ်သော မြို့နယ်များကို အကြွေးစနစ်ဖြင့်ဆောင်ရွက် ပေးမည်၊ ရန်ကုန်မြို့ ကုန်စည်ဒိုင်များသို့ အခြေခံစားကုန်များနေ့စဉ်ပုံမှန် ဝင်ရောက် လျက်ရှိ၊ ကုန်စည်စီးဆင်းမှုမြန်ဆန် ဈေးနှုန်း ကျဆင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ နိုင်ငံအကျိုးပြု လုပ်ငန်းများ ဆောင်ရွက်သည့် ၁၅နှစ်ပြည့် ဂုဏ်ပြု ဆောင်းပါးနှင့် သတင်းများအပါ အဝင် လေဘေးသင့်ဒေသနေပြည်သူများ အတွက် ပြန်လည်ထူထောင် တည်ဆောက် ရေး လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင် ရွက်လျက်ရှိသည့် သတင်းများနှင့် အတူ သပြုကုန်းရွာ သာပါစမေး၊ သဘာဝ မိုးလေဝသခန့်မှန်းသူများ၊ ဒုက္ခမီးမုန်တိုင်း နှင့် လမင်းဗိမာန်၊ ငလျင်အဘယ်ကြောင့် လှုပ်သနည်းအစရှိသည့် သတင်းဆောင်းပါး များ ပါရှိသည်။(**အပေါ်ယာပုံ**)

စိမ်းလဲ့ရွှေပြည်ဂျာနယ်ဝယ်ယူနိုင်သည့် ဆိုင်များမှာ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းစာအုပ်ဆိုင်၊ ပန်းရွှေပြည်စာအုပ်ဆိုင်တို့ဖြစ်ကြပြီး အနယ်နယ်အရပ်ရပ်မှ စာမူများကို ဖိတ်ခေါ်ထားရာ ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန် လိပ်စာမှာ စိမ်းလဲ့ရွှေပြည်ဂျာနယ် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရုံး အဆောက်အအုံအမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၂၀၇၀ဖြစ်ကြောင်း သိရသည်။ (**သတင်းစဉ်**)

မြဝတီရုပ်မြင်သံကြား

၃၁-၈-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **သံယောဇဉ်ဝင်ရိုးစွန်း**
- ၁၃း၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄း၂၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၃၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၄း၃၅ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၄း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၀၀ ၉။ သံစဉ်များနဲ့ကမ္ဘာ
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၃၅ ၁၃။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၆း၄၅ ၁၄။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၅။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၂)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ပဟေဠိနန်းတော်
- ၂၀။ ကျန်းမာသုတ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **နှင်းတောင်သူရဲကောင်း** (အပိုင်း -၂၄)

လယ်ယာ/ဆည်မြောင်း ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ဗြိတိန်နိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဩဂုတ် ၃၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Mark Canningနှင့် ဗြိတိန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးဝန်ကြီးဌာန အာရှအလယ်ပိုင်းနှင့် အရှေ့ပိုင်းဆိုင်ရာ ညွှန်ကြားရေးမှူး Ms.Sue Wardellနှင့် အဖွဲ့သည် ဩဂုတ် ၂၆ရက် မွန်းလွဲ ၁၂ နာရီခွဲက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမဆောင်သို့ လာရောက်တွေ့ဆုံသည်။

စိုက်ပျိုးရေးဆိုင်ရာ ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့် မုန်တိုင်းသင့်ဒေသများ၏ စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (**သတင်းစဉ်**)

စာအုပ်၊ ဓာတ်ပုံ၊ နံရံကပ်စာစောင်ပြပွဲ အထက(၂) အင်းစိန်တွင် ကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် စာအုပ်၊ ဓာတ်ပုံ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဩဂုတ်၂၆ရက် မွန်းလွဲ ၁နာရီက အထက(၂) အင်းစိန် ကျောင်းခန်းမ၌ ကျင်းပသည်။

ကြည့်ရှုလေ့လာ

အခမ်းအနားတွင် ဦးစီးအရာရှိ ဒေါ်ဖြူဖြူက ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ဦးစီးမှူးဒေါ်ခင်နှင်းကြည်က စာကျက်မှတ်လေ့လာခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြကာ ဟောပြောပွဲအပြီးတွင် ကျောင်းသားကျောင်းသူလေးများက ပြသထားသော နံရံကပ်စာစောင်နှင့် စာအုပ်များကို ကြည့်ရှုလေ့လာကြသည်။

(ဝဲပုံ)(ခရိုင် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၈-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

- ၇း၀၀-၁း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇း၀၅-၁း၀၅ **အဘိဓမ္မာပဋ္ဌာန်း** တရားတော် (ဆရာတော်ဓမ္မဒူတ အရှင်ဆေကိန္ဒ)
- ၈း၀၀-၂း၀၀ Soccer Update
- ၈း၁၅-၂း၁၅ Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
- ၈း၅၀-၂း၅၀ တေးဂီတအစီအစဉ်
- ၈း၅၅-၂း၅၅ နလုံးကျန်းမာသက်ရှည်ရန် သိဖွယ်နည်းလမ်းများ(ပထမပိုင်း) (ပါမောက္ခဒေါက်တာမြသိန်းဟန်)
- ၉း၁၅-၃း၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၉း၂၅-၃း၂၅ Yangon Panorama (အာဆီယံယဉ်ကျေးမှုကပွဲအခမ်းအနား)
- ၉း၅၀-၃း၅၀ တေးဂီတအစီအစဉ်
- ၉း၅၅-၃း၅၅ နယ်စပ်ဒေသဖွံ့ဖြိုးဝေစည် နတလဒီဂရီကောလိပ်မှသည်
- ၁၀း၂၀-၄း၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၂၅-၄း၂၅ သွားမယ် စားမယ် (Ciao Pizzeria Italiana)
- ၁၀း၄၀-၄း၄၀ မိုးလေဝသခန့်မှန်းချက်
- ၁၀း၄၅-၄း၄၅ ပတ်ဝန်းကျင်သန့်ရှင်းဖို့ရာ ရေဆိုးသန့်စင် စက်ရုံကကူညီမှာ
- ၁၁း၀၅-၅း၀၅ တေးဂီတအစီအစဉ်
- ၁၁း၁၀-၅း၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၂၀-၅း၂၀ Euro Goals
- ၁၁း၄၀-၅း၄၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁း၄၅-၅း၄၅ နေရာတိုင်းတွင်အသုံးဝင် ရှားစောင်းလက်ပပ်အပင်
- ၁၂း၀၅-၆း၀၅ တေးဂီတအစီအစဉ်
- ၁၂း၁၀-၆း၁၀ ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
- ၁၂း၂၀-၆း၂၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **“ချစ်သလားမမေးနဲ့”**
- ၁၂း၅၅-၆း၅၅ တေးဂီတအစီအစဉ်
- ၁း၀၀-၇း၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	Chelsea-Tottemham	ESPN (Live)
၈း၂၅	Sunderland-Man City	Star Sports (Live)
၉း၂၅	Aston Villa-Liverpool	ESPN (Live)

စက်မှုသင်တန်းကျောင်း(မန္တလေး) လွှဲပြောင်းလက်ခံခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၃၀

စက်မှုသင်တန်းကျောင်း(မန္တလေး) လွှဲပြောင်းလက်ခံခြင်းအခမ်းအနားကို ဩဂုတ်၂၉ရက် နံနက်၉နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အဆိုပါကျောင်း၌ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Guan Mu တို့က စက်မှုသင်တန်းကျောင်းကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး စက်မှုသင်တန်းကျောင်း(မန္တလေး) ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် စက်မှုသင်တန်းကျောင်း (မန္တလေး) လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက စက်မှုသင်တန်းကျောင်း(မန္တလေး) ပေါ်ပေါက်လာပုံနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျေးဇူးတင်စကားပြောကြားရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Guan Mu က ဂုဏ်ယူဝမ်းမြောက်စကား ပြန်လည်ပြောကြားသည်။

လက်မှတ်ရေးထိုး

ယင်းနောက် မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးမြင့်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးသံမှူး Mr. Tang Hai တို့က သင်တန်းကျောင်း လွှဲပြောင်းလက်ခံရေး စာချုပ်များတွင် လက်မှတ်ရေးထိုးပြီး စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

ဆက်လက်၍ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဧည့်သည်တော်များအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် စက်မှုသင်တန်းကျောင်း အတွင်းရှိ စာသင်ဆောင်များနှင့် အလုပ်ရုံများကို လှည့်လည်ကြည့်ရှုကြသည်။

တည်ဆောက်ခဲ့

ယနေ့ လွှဲပြောင်းလက်ခံဖွင့်လှစ်ခဲ့သည့် စက်မှုသင်တန်းကျောင်း (မန္တလေး)တွင် ပင်မစာသင်ဆောင်တစ်ဆောင်၊ ဓာတ်ခွဲခန်းနှင့် အထူးသင်ကြားရေးဆောင် တစ်ဆောင်၊ လက်တွေ့သင်ကြားရေး အလုပ်ရုံလေးရုံ၊ သင်တန်းသားများ နားနေဆောင်တစ်ဆောင်နှင့် လျှပ်စစ်ဓာတ်အားခွဲရုံတစ်ရုံတို့ ပါဝင်ပြီး ယင်းသင်တန်းကျောင်းမှ နှစ်စဉ် Fundamental Technical Training Course ကို တစ်နှစ်သင်တန်းအဖြစ် ဘာသာရပ်ခြောက်ခုခွဲ၍ သင်ကြားပေးသွားမည်ဖြစ်ရာ သင်တန်းကျောင်းမှ နှစ်စဉ် စက်မှုကျွမ်းကျင်လုပ်သား ၂၀၀ မွေးထုတ်ပေးနိုင်မည် ဖြစ်ကြောင်းနှင့် အဆိုပါသင်တန်းကျောင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား အထောက်အကူပေးရေးအစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထောက်ပံ့ပေးငွေ (Grant) ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ စက်မှုသင်တန်းကျောင်း (မန္တလေး)ကို တွေ့ရစဉ်။ (သတင်းစဉ်)

နံရံကပ်စာစောင်နှင့် ဟောပြောပွဲ မိုင်းတုံ၌ကျင်းပ

မိုင်းတုံ ဩဂုတ် ၃၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏နယ်လှည့်စာကြည့်တိုက် ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက် မွန်းလွဲ ၁ နာရီက မြို့မရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ဖွင့်လှစ်

အဆိုပါ အခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးဝင်းမြင့်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြသက်နှင့် မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ဟောပြောပွဲ အပြီးတွင် အခမ်းအနားတက်ရောက်လာကြသော လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသော ဓာတ်ပုံနှင့် နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြတ်တရား လေးပါး

ကျန်းမာခြင်းသည် မြတ်သောလာဘ်ကြီးဖြစ်သည်။
ရောင့်ရဲခြင်းသည် မြတ်သော ကိုယ်ပိုင်ဥစ္စာဖြစ်သည်။
ချစ်ကျွမ်းဝင်သူသည် မြတ်သောဆွေမျိုးဖြစ်သည်။
နိဗ္ဗာန်သည် မြတ်သောချမ်းသာဖြစ်သည်။

(ဓမ္မပဒ - ၂၀၄)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးကကြီးမှူး နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား အထူးအာဟာရ ကျွေးမွေးလှူဒါန်း

ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ကြီးမှူးကျင်းပသော အဘိုးအဘွားများအား အထူးအာဟာရ ကျွေးမွေးလှူဒါန်းခြင်းနှင့် ထာဝရဆွမ်းပဒေသာပင်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာညွန့်ညွန့်ဦးက အထူးအာဟာရ အလှူငွေကျပ် တစ်သိန်းငါးသောင်း၊ ထာဝရဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ဆွမ်းပဒေသာပင်

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့်အဖွဲ့က ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ် တစ်သိန်း၊ မှန်ချိုသမားတော် သီရိသုဓမ္မသိင်္ဂီဒေါ်တင်နွယ်ဦးက ငွေကျပ်တစ်သိန်းငါးသောင်းတန်ဖိုးရှိ ဒဏ်ကျေတိုင်းရင်းဆေးဝါးများကို လှူဒါန်းကြောင်းသိရသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်း လေဘေးသင့်အမျိုးသမီးများအတွက် ရင်းနှီးမတည်ငွေပေးအပ်ခြင်းနှင့် ထောက်ပံ့ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၃၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဧရာဝတီတိုင်း လေဘေးသင့်အမျိုးသမီးများအတွက် ရင်းနှီးမတည်ငွေ ပေးအပ်ခြင်းနှင့် ထောက်ပံ့ပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဩဂုတ်၂၆ရက် မွန်းလွဲ၂နာရီတွင် ပုသိမ်မြို့ တိုင်းအမျိုးသမီးရေးရာအဖွဲ့ရုံး၌ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်နီနီဝင်းက အမှာစကားပြောကြားပြီး ဧရာဝတီတိုင်း လေဘေးသင့်မြို့နယ်များရှိ အမျိုးသမီးများအတွက် ရင်းနှီးမတည်ငွေကျပ်သိန်း၃၀၀ကို ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝင်းဝင်းမော်အားလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်မြင့်မြင့်ကြည်က တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးများအဖွဲ့ချုပ်က လှူဒါန်းသော ထောက်ပံ့ပစ္စည်းများကို ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီအောင်နှင့် လေဘေးသင့်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများအားလည်းကောင်း ပေးအပ်ကြသည်။

ဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့တို့က လေဘေးသင့်မြို့နယ်များရှိ အမျိုးသမီးများအတွက် မတည်ရင်းနှီးငွေ ထုတ်ပေးခြင်းနှင့်ပတ်သက်၍ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်အား အသင့်အတင့် လျှော်လှုပ်

ရန်ကုန် ဩဂုတ် ၃၀

ဩဂုတ်၃၀ရက် မြန်မာစံတော်ချိန် ၁၅နာရီ ၀၃မိနစ် ၄၀စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အရှေ့မြောက်ဘက် မိုင်၈၀၀ခန့် ကွာဝေးသောနေရာ မြန်မာနိုင်ငံပြင်ပ (တရုတ်ပြည်သူ့သမ္မတနိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၈ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ၃၀-၈-၂၀၀၈

တောင်အမေရိက ကုန်သွယ်ရေးသတင်းအဖြာဖြာ

ပီရူးနှင့်တရုတ် လွတ်လပ်စွာကုန်သွယ်ရေး နီးစပ်

လီမာ ဩဂုတ် ၃၀

တရုတ်နိုင်ငံနှင့် လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီမှုရရှိရန် နီးစပ်လာပြီဖြစ်ကြောင်း၊ ပီရူးနှင့်တရုတ်နိုင်ငံအနေဖြင့် ညှိနှိုင်းမှုမှာ လာမည့်နိုဝင်ဘာလအတွင်း ပြီးစီးကာ သဘောတူလက်မှတ်ရေးထိုးနိုင်တော့မည်ဖြစ်ကြောင်း ပီရူးကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းဝန်ကြီး မာဆတ်အရီဇိုက သတင်းထောက်များအား ပြောကြားလိုက်သည်။

ကျူးဘားနှင့်ဗင်နီဇွဲလား ကုန်သွယ်ရေးတိုးမြှင့်

ကရာကတ် ဩဂုတ် ၃၀

ကျူးဘားနိုင်ငံနှင့် ဗင်နီဇွဲလားနှစ်နိုင်ငံအနေဖြင့် ရေနံလုပ်ငန်းများ၌ ပူးပေါင်းလုပ်ဆောင်ကြပြီးနောက်ပိုင်း နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာသန်း၂၀၀မှ ဖ၁သမ၅ဘီလီယံသို့ တိုးမြင့်ရောက်ရှိလာခဲ့ကြောင်း ဗင်နီဇွဲလား ကုန်သွယ်ရေးဌာနက သတင်းထုတ်ပြန်သည်။

ပြည်ပသို့ မြွေဆိပ်ဖြေဆေး ပီရူးတင်ပို့မည်

လီမာ ဩဂုတ် ၃၀

ပီရူးအမျိုးသားကျန်းမာရေးဌာနမှ တီထွင်ထုတ်လုပ်ထားသည့် မြွေဆိပ်ဖြေဆေးများကို ဘိုလီးဗီးယား၊ အီကွေဒေါနှင့် အခြားလက်တင်အမေရိကနိုင်ငံများသို့ ၂၀၀၉ ခုနှစ်မှစတင်ကာ တင်ပို့မည်ဖြစ်ကြောင်း အမျိုးသားကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဘရာဇီးနှင့်တရုတ် ကုန်သွယ်ရေး မြင့်တက်

ဆော်ပေါလို ဩဂုတ် ၃၀

တရုတ်နိုင်ငံနှင့် ဘရာဇီးနိုင်ငံ၏ ကုန်သွယ်မှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်တက်လာခဲ့ကာ ပြီးခဲ့သည့် ၁၂လအတွင်း အမေရိကန်ဒေါ်လာ၃၁ဒသမ ၉ဘီလီယံဖိုး ကုန်သွယ်မှုပြုနိုင်ခဲ့သည်။ ဘရာဇီးနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံးနိုင်ငံများတွင် တရုတ်နိုင်ငံမှာ ဒုတိယနေရာသို့ရောက်ရှိလာကြောင်း၊ အမေရိကန်နိုင်ငံနှင့် ဘရာဇီး ကုန်သွယ်မှုတန်ဖိုးမှာ ပြီးခဲ့သည့် ၁၂လအတွင်း အမေရိကန်ဒေါ်လာ ၄၉ဒသမ၂သန်း ရှိသည့်အတွက် ပထမနေရာ၌ရှိနေကြောင်း ဘရာဇီးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံခြားကုန်သွယ်ရေးဌာနက သတင်းထုတ်ပြန်သည်။

အာဂျင်တီးနားသို့ ပြည်ပမှ အမဲသားတင်သွင်းမည်

ဗျူနို့အေရီးစ် ဩဂုတ် ၃၀

ပြီးခဲ့သည့်နှစ်များအတွင်း အာဂျင်တီးနားနိုင်ငံ၏ မြေအနေအထားကောင်းမွန်မှုမရှိခြင်းကြောင့် တိရစ္ဆာန်အစားအစာ ထုတ်လုပ်မှုလုပ်ငန်းများကို ထိခိုက်လာကာ ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းများ ကျဆင်းလာသည့်အတွက် လာမည့် ၂၀၁၂ခုနှစ်အရောက်တွင် အာဂျင်တီးနားနိုင်ငံအတွင်းသို့ အမဲသားတင်သွင်းရန် လိုအပ်မည်ဖြစ်ကြောင်း အာဂျင်တီးနားဒေသတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးသုတေသနအဖွဲ့က ပြောကြားသည်။

ချီလီစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနေ

စန်တီယာဂို ဩဂုတ် ၃၀

ချီလီနိုင်ငံ၏ ယခုနှစ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ၃ဒသမ၈ရာခိုင်နှုန်းသာရှိတော့မည်ဖြစ်ကြောင်း၊ ၂၀၀၇ခုနှစ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၅ဒသမ၂ ရာခိုင်နှုန်းရှိသည့်အတွက် ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုမှာ နှေးကွေးကြောင်း၊ ယင်းမှာ ချီလီနိုင်ငံအတွင်း ငွေကြေးဖောင်းပွမှု မြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း ချီလီဗဟိုဘဏ်က သတင်းထုတ်ပြန်သည်။

(ကိုးကား-အင်တာနက်၊ ဆင်ဟွာ)



ဒီမိုကရက်တစ်သမ္မတလောင်း အိုဘားမား (ဝဲမှဒုတိယ)၊ ဒုတိယသမ္မတလောင်း ဂျိုးဘိုင်ဒင် (ဝဲစွန်) နှင့် ရီပတ်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်း (ဝဲမှတတိယ)၊ ဒုတိယသမ္မတလောင်း ဆာရာပါလင်(ယာစွန်)တို့ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၄၁၅၀ ရှိသွားပြီ

ဘဂ္ဂဒက် ဩဂုတ် ၃၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၌ သီးခြားဖြစ်စဉ်နှစ်ရပ်တွင် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်က ဩဂုတ် ၂၈ရက်တွင် ကြေညာသည်။

ကင်းလှည့်

ဘဂ္ဂဒက်အရှေ့ပိုင်းတွင် ဩဂုတ် ၂၈ရက် မွန်းလွဲပိုင်းက ကင်းလှည့်စဉ် သူပုန်တို့၏ ဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။

ပစ်ခတ်

ဘဂ္ဂဒက်မြို့ မြောက်ပိုင်းတွင် ခြေကျင်ကင်းလှည့်စဉ် သူပုန်တို့၏ ဩဂုတ် ၂၇ရက်က လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ရရှိသောဒဏ်ရာဖြင့် အခြားအမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး အမေရိကန်ဆေးခန်း၌သေဆုံးသွားသည်ဟု စစ်ဘက်ကြေညာချက်တွင် ဖော်ပြပါရှိသည်။

၂၀၀၃ခုနှစ် မတ်လတွင် အမေရိကန် ဦးဆောင်သည့်တပ်များ အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက်ပြီးနောက် အီရတ်၌ သေဆုံးသည့်အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ စုစုပေါင်း ၄၁၅၀ရှိသွားပြီဟု ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ



နာမည်ကျော် ပီဆာမျှော်စင်

အီတလီ နိုင်ငံ တက်စကိုနီ ဒေသရှိ နာမည်ကျော် ပီဆာ မျှော် စင် ကြီး အား ဩဂုတ် ၂၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

လေကြောင်းအတတ်ပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဟောင်ကောင်နှင့်စင်ကာပူ တိုးမြှင့်

ဟောင်ကောင် ဩဂုတ် ၃၀

ဟောင်ကောင်ပြည်တွင်း လေကြောင်းဌာန(စီအေဒီ)နှင့် စင်ကာပူနိုင်ငံရှိ ပြည်တွင်းလေကြောင်းအာဏာပိုင်အဖွဲ့ (စီအေအေအက်စ်)တို့သည် လေယာဉ်စက် အစိတ်အပိုင်းဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရေးနည်းပညာစီမံခန့်ခွဲမှု သိရှိနားလည်စေရန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကို ဩဂုတ် ၂၉ရက်က စင်ကာပူနိုင်ငံ၌ နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးသည်။

ပူးပေါင်းဆောင်ရွက်

၄င်းနှစ်နိုင်ငံအနေဖြင့် အဆိုပါ လေကြောင်းအတတ်ပညာဆိုင်ရာ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းကို ၂၀၀၄ ခုနှစ်က စတင်ကာ သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

မြှင့်တင်

၂၀၀၅ခုနှစ်က ဟောင်ကောင်သည် အလားတူ ကနေဒါနိုင်ငံနှင့် လေကြောင်းအတတ်ပညာကဏ္ဍ၌ အကျိုးတူလုပ်ဆောင်လျက်ရှိကြောင်း၊ ဆက်လက်၍ ပြည်ပနိုင်ငံများနှင့်လည်းပူးပေါင်းကာ မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း (စီအေဒီ)မှ သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

ပီရူး၌ ဘိန်းဖြူ ကီလို၇၀၀ဖမ်းမိ

လီမာ ဩဂုတ် ၃၀

ပီရူးနိုင်ငံ လီမာမြို့ မြောက်ဘက် ကမ်းရိုးတန်း မူးယစ်စစ်ဆင်ရေး တစ်ခု၌ ဘိန်းဖြူကီလို၇၀၀ကို ဩဂုတ်၂၈ရက်က ဖမ်းမိခဲ့ကြောင်း ပီရူးပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ရှာဖွေတွေ့ရှိ

လီမာမြို့တော်မှ ၁၀ကီလိုမီတာကွာဝေးသည့် ပီရူးနိုင်ငံ၏ အကြီးဆုံးဆိပ်ကမ်းဖြစ်သည့် ကော်လိုဆိပ်ကမ်းရှိ ပစ္စည်းသိုလှောင်ရာဂိုဒေါင်အတွင်းရှိ ကွန်တိန်နာများအတွင်း ဝှက်ထားသော ဘိန်းဖြူများကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ မူးယစ်မှောင်ခိုမှုနှင့် စပ်လျဉ်း၍ သံသယရှိသူနှစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဖမ်းမိ

ယင်းဘိန်းဖြူများအား ပီရူးမှ အမေရိကန်နှင့် ဥရောပနိုင်ငံများသို့ သင်္ဘောဖြင့်တင်ပို့ရန် စီစဉ်နေချိန်တွင် ဖမ်းမိခြင်းဖြစ်သည်။

တောင်အမေရိကမှ နှစ်စဉ် ကိုကင်းတန်ချိန်၃၀၀နီးပါး ထွက်ရှိလျက်ရှိကြောင်း၊ ကိုလံဘီယာနိုင်ငံပြီးလျှင် တောင်အမေရိကသည် ကိုကင်းထွက်ရှိမှု ဒုတိယအများဆုံးဒေသဖြစ်ကြောင်း ယင်းသတင်း၌ ပါရှိသည်။ **(အင်တာနက်)**

မလေးရှားနှင့် တောင်ကိုရီးယား ကိုယ်စားလှယ်များ ခရီးသွား၊ ပညာရေး၊ ဆေးဝါးနှင့် ကုန်သွယ်မှုများ ဆွေးနွေး

ကွာလာလမ်ပူ ဩဂုတ် ၃၀

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဩဂုတ်၂၇ရက်က တောင်ကိုရီးယားနိုင်ငံမှ သံတမန်ကိုယ်စားလှယ်များတွေ့ဆုံ အစည်းအဝေးကျင်းပရာ နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း၊ ပညာရေးကဏ္ဍ၊ ဆေးဝါးလုပ်ငန်းဆိုင်ရာနှင့် ကုန်သွယ်မှုဆိုင်ရာတို့တွင် ထပ်မံတိုးမြှင့်ဆောင်ရွက်ရေးကို ဆွေးနွေးခဲ့သည်။

လက်မှတ်ရေးထိုး

ယခင်နှစ်ကာလက ယင်းလုပ်ငန်းစီမံကိန်းများမှ အမေရိကန်ဒေါ်လာ ၁၄ ဒသမ၇၉ဘီလီယံ ရရှိရာမှ ငါးနှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၂၉ဒသမ၅၉ဘီလီယံ ရရှိပြီးဖြစ်ကြောင်း၊ တောင်ကိုရီးယားနိုင်ငံသည် အာဆီယံနိုင်ငံများနှင့်လည်း လွတ်လပ်စွာကုန်သွယ်မှု သဘောတူလက်မှတ်ရေးထိုးပြီး ဖြစ်သည်။

ပိုမိုချဲ့ထွင်

၄င်းနှစ်နိုင်ငံအနေဖြင့် သတင်းပြန်ကြားရေး၊ နည်းပညာဆက်သွယ်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် မလေးရှား၌ 3G မိုဘိုင်းလ်ဖုန်းကုမ္ပဏီ၊ ဒေဝူးကုမ္ပဏီတို့မှလည်း ရင်းနှီးမြှုပ်နှံမှု ပိုမိုချဲ့ထွင်မည်ဖြစ်သည်။

ထပ်မံရင်းနှီး

တောင်ကိုရီးယားနိုင်ငံသည်မလေးရှား၌ လုပ်ငန်းသစ် စီမံကိန်း ၃၂ခုတွင် အမေရိကန်ဒေါ်လာ ၃၂၅ဒသမ၂သန်း ထပ်မံရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။

(အင်တာနက်)

ဗုံးဖောက်ခွဲ

ပါကစ္စတန် နိုင်ငံ အနောက် မြောက်ပိုင်း ဘန်နူမြို့တွင် အကျဉ်းသားများ သယ်ဆောင်လာသည့်ကားအား ဗုံးဖောက်ခွဲ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဩဂုတ် ၂၈ ရက်က တွေ့ရစဉ်။

(အဆိုပါ ဗုံးခွဲမှုကြောင့် ကိုးဦးသေဆုံးခဲ့သည်။)

(အင်တာနက်ဓာတ်ပုံ)

သတိလက်လွတ် ပြုမူမိခဲ့ခြင်း၏ နောက်ဝယ် . . . .

နိုင်ငံတကာ မှုခင်း

အီဒင်ဘတ်မြို့သည် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင်ရှိသော မြို့ငယ် တစ်မြို့ဖြစ်သည်။ အေးချမ်းဆိတ်ငြိမ်ပြီး သာယာလှပသောမြို့လေး ဖြစ်သည်။ မှုခင်းဖြစ်ပွားမှု နည်းပါးသော်လည်း ရံဖန်ရံခါတွင် ဖြစ်ပွားလေ့ရှိသော မြို့ဖြစ်သည်။

စည်းလုံးညီညွတ်

ထိုမြို့တွင် အသက်(၂၇)နှစ်ရှိ မေရာလစ်ဇ်ဘက်သ်ရိုဆာလီ **(ယာပုံ)**နှင့် အသက် (၂၅)နှစ်ရှိ ဂျိုင်မီရိုဆာလီတို့ ညီအစ်မနှစ်ဦး နေထိုင်ကြသည်။ သူတို့ညီအစ်မနှစ်ဦးသည် မိဘများ ကွယ်လွန်သွားကြပြီးနောက် စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့ကြသည်။

ဆက်လက်လုပ်ကိုင်

မေရာနှင့် ဂျိုင်မီတို့ညီအစ်မနှစ်ဦးသည် မိဘနှစ်ပါး မရှိတော့သော်လည်း မိဘများ ရှာဖွေစုဆောင်းထားခဲ့ကြသော စီးပွားဥစ္စာများကြောင့် မတောင့်မတ မကြောင့်မကြ နေထိုင်နိုင်ခဲ့ကြသည်။ ညီအစ်မနှစ်ဦးစလုံးသည် မိဘများ၏ လက်ငုတ်လက်ရင်း စီးပွားရေးလုပ်ငန်းဖြစ်သော စတိုးဆိုင်လုပ်ငန်းကိုပင် ဆက်လက်လုပ်ကိုင်ခဲ့ကြသည်။

စီမံအုပ်ချုပ်

မေရာသည် အိမ်ထောင်မရှိသော အပျိုတစ်ဦးဖြစ်ပြီး သူမ၏ညီမဖြစ်သူ ဂျိုင်လီမှာ ခင်ပွန်းသည်ဆုံးပါးသွားသော သားတစ်ယောက်မိခင်ဖြစ်သည်။ အမျိုးသမီးများပင်ဖြစ်သော်လည်း လုပ်ရည်ကိုင်ရည် ထက်ထက်မြက်မြက်ရှိကာ အရည်အချင်းရှိသူများဖြစ်သဖြင့် သူတို့၏ စတိုးဆိုင်လုပ်ငန်းကို ကျွမ်းကျင်နိုင်နင်းစွာ စီမံအုပ်ချုပ်နိုင်လေသည်။

ကြီးကြပ်နေခဲ့ရ

မေရာသည် ညီအစ်မနှစ်ဦးတွင် အကြီးဖြစ်သကဲ့သို့ ခန္ဓာကိုယ်မှာလည်း တစ်နေ့တခြား ဆူဖြိုးကာဝလာပြီး သူမ၏ကိုယ်အလေးချိန်မှာ ပေါင် ၁၀၀၀ ကျော်အထိတက်လာသဖြင့် နေအိမ်ပြင်ပသို့ သွားလာမှုသိပ်မရှိဘဲ သူမ၏ညီမ ဂျိုင်မီက အရောင်းအဝယ်အတွက် သွားလာလုပ်ကိုင်ချိန်၌ သူမကမူ အိမ်တွင်ဖွင့်လှစ်ထားသော စတိုးဆိုင်တွင် ကြီးကြပ်နေခဲ့ရလေသည်။

ထိန်းကျောင်း

မေရာသည် သူမ၏ညီမကမွေးဖွားထားသော အသက်နှစ်နှစ်အရွယ်ရှိ တူလေးကိုမူ ချစ်ခင်လွန်းလှသူဖြစ်သည်။ ညီမဖြစ်သူအပြင်သို့ ဈေးထွက်ဝယ်တိုင်း သူမ၏ တူလေးကို ထိန်းကျောင်းရလေသည်။ တူဖြစ်သူမှာလည်း အေးဆေးစွာနေတတ်သည့် ကလေးဖြစ်သည်။

နောင်တရမိ

၂၀၀၈ခုနှစ် မတ် ၁၈ရက်တွင်မူ မေရာ၏ညီမ ဂျိုင်မီသည် စတိုးဆိုင်အတွက် ဈေးဝယ်ထွက်သွားခဲ့သည်။ ပေါင် ၁၀၀၀ ကျော် ကိုယ်အလေးချိန်ရှိသည့် မေရာသည် ထိုအချိန်တွင် ကျန်းမာရေးမကောင်းသဖြင့် အိပ်ရာထဲတွင် လှဲနေခဲ့ရသည်။ သို့သော်လည်း ညီမ၏သားကိုမူ အပြင်သို့ထည့်လိုက်ရန် မဖြစ်နိုင်သဖြင့် သူမနှင့်အတူခေါ်ထားခဲ့ရသည်။ သူမ ကျန်းမာရေး မကောင်းချိန်တွင်မှ ယခင်က အေးဆေးသော တူလေးမှာ ဂျီကျနေလေသည်။ နာရီများစွာ ကြာလာသည့်တိုင် ဂျီကျနေသော တူအား သူမနေမကောင်းချိန်ဖြစ်သဖြင့် စိတ်မရှည်နိုင်တော့ဘဲ ဦးခေါင်းအား လက်ဖြင့်အားကုန် ရိုက်လိုက်မိသည်။ သူမ၏အားဖြင့် အရိုက်ခံရသော တူဖြစ်သူမှာ လဲကျသတိလစ်ကာ သေဆုံးသွားခဲ့သည်။ ထိုအခါမှ မေရာသည် သူမ၏စိတ်လိုက်မာန်ပါမှုကို နောင်တရမိတော့သည်။ သူမသည် တူသေဆုံးမှုနှင့် ပတ်သက်ပြီး ထိုက်သင့်သော ပြစ်ဒဏ် ကျခံရတော့မည်ဖြစ်သည်။

တရားစွဲဆိုခံရ

ထိုကလေး သေဆုံးမှုကြောင့် မေရာမှာ တရားရုံးတွင် အမှုရင်ဆိုင်နေရပြီး အာမခံအတွက် ပေါင် ၁၅၀၀၀၀ ပေးဆောင်ရမည်ဖြစ်ကာ ဂျိုင်မီမှာမူ သားဖြစ်သူအား အဒေါ်နှင့် ထားခဲ့မှုကြောင့် တရားစွဲဆိုခံရကာ ပေါင် ၁၀၀၀၀၀ အာမခံပေးဆောင်မည်ရဖြစ်သည်။

ယခုဖြစ်ရပ်တွင် ကျန်းမာရေး မကောင်းသဖြင့် စိတ်မရှည်ဖြစ်ကာ တူဖြစ်သူအား ရိုက်ခဲ့ခြင်းဖြင့် သတိလက်လွတ် ပြုမူခဲ့မိသောကြောင့် အပြစ်မဲ့သော တူဖြစ်သူသေဆုံးခဲ့ရသည့် မေရာလစ်ဇ်ဘက်သ်ရိုဆာလီ၏ ဖြစ်ရပ်ကို ရေးသား ဖော်ပြလိုက်ရပါကြောင်း။ ။

ကိုးကား-အင်တာနက် **ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်**

မေရာနှင့် ဂျိုင်မီတို့ညီအစ်မနှစ်ဦးသည် မိဘနှစ်ပါး မရှိတော့သော်လည်း မိဘများ ရှာဖွေစုဆောင်းထားခဲ့ကြသော စီးပွားဥစ္စာများကြောင့် မတောင့်မတ မကြောင့်မကြ နေထိုင်နိုင်ခဲ့ကြ၊ ညီအစ်မနှစ်ဦးစလုံးသည် မိဘများ၏ လက်ငုတ်လက်ရင်း စီးပွားရေးလုပ်ငန်းဖြစ်သော စတိုးဆိုင်လုပ်ငန်းကိုပင် ဆက်လက်လုပ်ကိုင်ခဲ့ကြ။

အင်တာနက် ကျန်းမာရေး

စိတ်ဖိစီးမှုရောဂါပျောက်ဆေးများ သုံးစွဲမှုများလျှင် လေဖြတ်ခြင်းရောဂါ ကြုံတွေ့ခံစားရဖွယ်ရှိ

လန်ဒန် ဩဂုတ် ၃၀

စိတ်ဖိစီးမှုရောဂါ ပျောက်ဆေးများ သောက်သုံးခြင်းကြောင့် ယခင်က လူအများစု ထင်မှတ်ထားသည်ထက် လေဖြတ်နိုင်သည့်အချက်ကို အသေအချာလေ့လာတွေ့ရှိထားပြီဖြစ်ကြောင်း ဗြိတိသျှ သိပ္ပံပညာရှင်များက ပြောကြားသည်။

လေဖြတ်နိုင်

အဆိုပါ ဆေးဝါးများမှာ စိတ်ရောဂါ ဝေဒနာရှင်များ၊ စိတ်ဖိစီးမှုပြင်းထန်စွာ ခံစားကြရသူများ သောက်သုံးသည့် ဆေးဝါးဖြစ်သည်။ ယင်းဆေးဝါးများကို လိုအပ်သည်ထက် ပိုမိုသုံးစွဲလာကြခြင်းကြောင့် လေဖြတ်နိုင်ကြောင်း ဆေးဘက်ဆိုင်ရာ ပညာရှင်များက သတိပေးထားသည်။

သက်သာပျောက်ကင်း

စိတ်ရောဂါ သက်သာပျောက်ကင်းသည့် ဆေးအသစ်နှင့် အဟောင်းနှစ်မျိုးရှိရာတွင် နှစ်မျိုးစလုံးမှာ လေဖြတ်ခြင်းရောဂါ ဖြစ်နိုင်သည်ဟု ဆိုသည်။

ယင်းဆေးဝါးနှင့်ပတ်သက်ပြီး ဗြိတိန်နိုင်ငံ၌ လူပေါင်း ၆၇၀၀ တို့အား သုတေသနပြု စစ်တမ်းကောက်ယူခဲ့ရာ ရာခိုင်နှုန်း ၄၀ လေဖြတ်နိုင်သည့်အချက်ကို လေ့လာတွေ့ရှိထားသည်။

ပြောကြား

မျက်မှောက်ခေတ်တွင် စိတ်ဖိစီးမှုရောဂါ ပျောက်ဆေးများ အလွန်အကျွံ သုံးစွဲလာခြင်းကြောင့် လေဖြတ်ခြင်းရောဂါကို ခံစားကြုံတွေ့ရဖွယ်ရှိကြောင်း စိတ်ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

အိုဘားမားအား ဒီမိုကရက်သမ္မတလောင်းအဖြစ် ရွေးချယ် ဂျွန်မက်ကိန်း သာမန်ပြည်သူများနှင့် ကင်းကွာဟုဝေဖန်

ဝါရှင်တန် ဩဂုတ် ၃၀

နိုဝင်ဘာ၄ရက် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် ဒီမိုကရက်တစ်ပါတီညီလာခံက ရွေးချယ်လိုက်ခြင်းကို ပရိသတ် ၇၅၀၀၀ ရှေ့မှောက်တွင် အိုဘားမားကရယူလိုက်သည်။

အိုဘားမားသည် ပါတီကိုယ်စားပြု သမ္မတလောင်းအဖြစ် အမေရိကန်ပါတီကြီးတစ်ခုက ရွေးချယ်လိုက်သော ပထမဆုံး အာဖရိကနွယ်ဖွား အမေရိကန်နိုင်ငံသား ဖြစ်သည်။

ကတိပြုပြောကြား

ဒင်ဗာမြို့ အင်ဗက်စကို အားကစား ကွင်းတွင် ကျင်းပသည့် ဒီမိုကရက်တစ်ပါတီအမျိုးသားညီလာခံ၌ အိုဘားမားက မိန့်ခွန်းပြောကြားရာတွင် အမေရိကန်နိုင်ငံကို ဖိစီးနှိပ်စက်လျက်ရှိသော စီးပွားရေးကျဆင်းမှုဦးတည်နေခြင်းကို ပြောင်းပြန်လှည့်ပစ်မည်၊ ကမ္ဘာတစ်ဝန်းတွင် အမေရိကန်နိုင်ငံ၏ အမည်ကို ပြန်လည်အဖတ်ဆယ်မည်ဟု အိုဘားမားက ကတိပြုပြောကြားသည်။

ဝေဖန်

ဤအချိန်အခါ၊ ဤရွေးကောက်ပွဲသည် ၂၁ရာစုအတွင်း အမေရိကန်အလားအလာများကို ရှင်သန်အောင် ထိန်းထားဖို့ မိမိတို့၏ အခွင့်အရေးကြုံသည့်ကာလ ဖြစ်ကြောင်း အိုဘားမားက လှုံ့ဆော်လိုက်ပြီးနောက် ရီပတ်ဘလီကင် သမ္မတလောင်း ဂျွန်မက်ကိန်းမှာ သာမန်အမေရိကန်ပြည်သူများနှင့် ကင်းကွာသူဖြစ်ပြီး စီးပွားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးကဲ့သို့သောကိစ္စများကိုလည်း ကူညီဆောင်ရွက်ပေးရန် ပျက်ကွက်သူ ဖြစ်ကြောင်း ဝေဖန် ထောက်ပြလိုက်သည်။

(အင်တာနက်)

ဒါကြောင့်ပါ . . .

ဘ၀အမောပြေ

စိတ်ရောဂါအထူးကုဆရာဝန်ကြီးတစ်ဦး၏ ဆေးခန်းသို့ အမျိုးသမီးတစ်ဦး ရောက်ရှိလာသည်။

အမျိုးသမီး ။ ။ ကျွန်မကို အကူအညီပေးပါဦး။
အထူးကု ။ ။ ဟုတ်ကဲ့… အဖြစ်အပျက်ကို ပြောပြပါ။
အမျိုးသမီး ။ ။ ကျွန်မခင်ပွန်းက သူ့ကိုယ်သူ ရေခဲသေတ္တာလို့ ထင်နေတယ်…
အထူးကု ။ ။ အသက်ဘယ်လောက်ရှိပြီလဲ…
အမျိုးသမီး ။ ။ အသက် ၅၀လောက်ရှိပါပြီ…
အထူးကု ။ ။ ဒီအသက်အရွယ်တွေမှာ စိတ်ကစဉ့်ကလျား ဖြစ်လေ့ဖြစ်ထရှိတတ်ပါတယ်။
အမျိုးသမီး ။ ။ သူကတစ်ချိန်လုံး ငါကရေခဲသေတ္တာလို့ အမြဲပြောနေတယ်…
အထူးကု ။ ။ မကြားသလိုနေလိုက်ပေါ့ဗျာ…
အမျိုးသမီး ။ ။ ကျွန်မက အအေးမခံနိုင်လို့ပါရှင်။
အထူးကု ။ ။ "ဗျာ"

သူတို့အတွေးနှင့်အမြင်

* *All for one, one for all.*
တစ်ယောက်အတွက်အားလုံး၊ အားလုံးအတွက် တစ်ယောက်။
အလက်ဇန္ဒြားဒူးမက်စ် (ပြင်သစ်လူမျိုးဝတ္ထုရေးဆရာနှင့် ပြဇာတ်ရေးဆရာ)

* *Fortune is a prize to be won. Adventure is the road to it. Chance is what may lurk in the shadow on the road.*
အောင်မြင်မှုဟူသည် ဆွတ်ခူးရမည့် ဆုကြီးတစ်ဆုဖြစ်သည်။ စွန့်စားမှုဆိုသည်မှာ ထိုဆုကြီးကို ဆွတ်ခူးနိုင်ရန်အတွက် လျှောက်လှမ်းကြရမည့်လမ်းဖြစ်သည်။ အခွင့်အလမ်းသည် ထိုလမ်းမကြီး၏ အမှောင်ရိပ်၌ ပုန်းလျှိုးကောင်း ပုန်းလျှိုးနေပေလိမ့်မည်။
အိုဟင်နရီ (အမေရိကန်လူမျိုး စာရေးဆရာ)

အာကာသသတင်းဆက်သွယ်ရေးဆိုင်ရာ ကုန်ပစ္စည်းသစ်ထုတ်လုပ်

အာကာသလေ့လာရေးယာဉ်များနှင့် မြေပြင်ရှိ နာဆာစခန်းမှ သုတေသနပညာရှင်များ သတင်းဆက်သွယ်ရေး ချိတ်ဆက်ရာတွင် အသုံးပြုနိုင်သည့် အာကာသ သေတ္တာနက်လေး တစ်ခုကို နာဆာက တီထွင်ထုတ်လုပ်လိုက်သည်။

အဆိုပါ သတင်းဆက်သွယ်ရေးဆိုင်ရာ သေတ္တာနက်လေးသည် အရွယ်အစားအနေဖြင့် အလျားနှစ်လက်မနှင့် အနံနှစ်လက်မခန့်သာရှိသည်။ အာကာသယာဉ်များမှ ပေးပို့သော ဓာတ်ပုံနှင့်သတင်းများကို ၄င်းသေတ္တာနက်လေးမှတစ်ဆင့် ချိတ်ဆက်အသုံးပြုနိုင်သည်။

အာကာသသိပ္ပံ

သတင်းပေးပို့နိုင်

၄င်းသေတ္တာနက်လေးသည် နာဆာအဖွဲ့သာမက ဥရောပအာကာသ အေဂျင်စီတစ်ခုဖြစ်သည့် အီးအက်စ်အေ၊ ဂျပန်အာကာသအေဂျင်စီဖြစ်သည့် ဂျာဆာတို့ဖြင့်လည်း သတင်းချိတ်ဆက်မှုများ ပြုလုပ်ထားသည်။ အဆိုပါနိုင်ငံများမှ မြေပြင်စခန်းများသို့လည်း ၄င်းသေတ္တာနက်လေးကို အသုံးပြု၍ အာကာသယာဉ်များမှသတင်းပေးပို့နိုင်ကြောင်း သိရသည်။

မှတ်တမ်းတင်နိုင်

ထို့အပြင် ၄င်းသေတ္တာနက်လေးသည် အာကာသဆိုင်ရာ ဆက်သွယ်ရေးချိတ်ဆက်မှုကိရိယာအဖြစ် အသုံးပြု၍ရပြီး အာကာသနှင့်ပတ်သက်သည့် ကမ္ဘာပေါ်၌အသေးငယ်ဆုံး ဆက်သွယ်ရေးစက်လေးတစ်ခုအဖြစ်လည်း မှတ်တမ်းတင်နိုင်ခဲ့သည်။ **(အင်တာနက်)**

ပါကစ္စတန်အနောက်မြောက်ပိုင်း ဗုံးပေါက်ကွဲမှုသုံးကြိမ်ဖြစ်ပွား

အစ္စလမ္မာဘတ် ဩဂုတ် ၃၀

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဖရွန်တီယာ ပြည်နယ်၌ ဩဂုတ်၂၉ရက်က ဥမင်လိုဏ်ခေါင်း တူးဖော်ဖောက်လုပ်သည့် လုပ်ငန်းခွင်အနီးရှိ လုံခြုံရေးအဖွဲ့ဝင်များ စခန်းချထားရာသို့ ပစ်မှတ်ထားကာ အသေခံဗုံးဖောက်ခွဲ တိုက်ခိုက်မှုသုံးကြိမ် ဖြစ်ပွားခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ဖောက်ခွဲရေးသမားသည် လုံခြုံရေးတပ်ဖွဲ့ဂိတ်ဝအနီး၌ ၄င်းစီးနင်းလာသည့် မော်တော်ယာဉ်ဖြင့် ဖြတ်သန်းမောင်းနှင်ကာ ပစ်ခတ်သဖြင့် ပေါက်ကွဲမီးလောင်ပြီးနောက် ဒုတိယနှင့် တတိယအကြိမ် ထပ်မံပေါက်ကွဲခဲ့သည်။

ယင်းဖြစ်ပွားမှုကြောင့် ပါကစ္စတန် လုံခြုံရေး တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိပြီး အခြား ၂၇ဦးဒဏ်ရာရရှိကာ တစ်ဦး သေဆုံးခဲ့ကြောင်း အခင်းဖြစ်ပွားရာသို့ တပ်ဖွဲ့ဝင်များအား စောင့်ကြပ်ချထားလျက်ရှိကြောင်း ထပ်လောင်းပြောကြားသည်။

(အင်တာနက်)

လက်ဘနွန် စစ်ရဟတ်ယာဉ် အရေးပေါ်ဆင်းသက်ရ

ဘေရွတ် ဩဂုတ် ၃၀

လက်ဘနွန်နိုင်ငံ တောင်ပိုင်းတွင် စစ်ဘက်ရဟတ်ယာဉ်တစ်စင်းကို ဩဂုတ် ၂၈ ရက်က သေနတ်သမားတို့၏ ပစ်ခတ်မှုကြောင့် လက်ဘနွန် လေတပ်အရာရှိတစ်ဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားကြောင်း အယ်မာနာ ရုပ်မြင်သံကြားဌာနက ကြေညာသည်။

အရေးပေါ်ဆင်းသက်

စစ်ဘက်ရဟတ်ယာဉ်သည် နိုင်ငံတောင်ပိုင်းတွင် ကင်းလှည့်ပျံသန်းစဉ် ပစ်ချခံရပြီး အရေးပေါ်ဆင်းသက် လိုက်ရသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

“စပါးစိုက်မြေတွေရဲ့ ရူပဂုဏ်သတ္တိတွေ ပျက်စီးမှုကို သဘာဝမြေဩဇာနဲ့ ဇီဝမြေဩဇာတွေကသာ ပြုပြင်ပေးနိုင်တယ်”

ဒေါက်တာဝင်းထင်

■ *ကျော့ဖုံးမှ*

ပျက်စီးတတ်

ဒီရေလှိုင်းများနှင့်အတူ ဆားငန်ရေများ ဝင်မှုကြောင့် မြေဆီလွှာအပေါ်ယံ၏ ရူပဂုဏ်သတ္တိများ ပျက်စီးတတ်သကဲ့သို့ အာဟာရဓာတ်များ၊ သစ်ဆွေးဓာတ်များ ဆုံးရှုံးတတ်ကြောင်း၊ ထို့အပြင် မြေဆီလွှာရှိ အကျိုးပြုအဏုဇီဝသက်ရှိလေးများ ပျက်စီးတတ်ကြောင်း သိရသည်။

ပြုပြင်ပေးနိုင်

ထိုသို့ ပျက်စီးမှုများကို ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်မှုနှင့် ပတ်သက်၍လည်း “စပါးစိုက်မြေတွေရဲ့ ရူပဂုဏ်သတ္တိတွေ ပျက်စီးမှုကို သဘာဝမြေဩဇာနဲ့ ဇီဝမြေဩဇာတွေကသာ ပြုပြင်ပေးနိုင်ပါတယ်။ အဲဒီမြေဩဇာတွေမှာ သစ်ဆွေးဓာတ်ပါရှိလို့ ပျက်စီးသွားတဲ့ မြေရဲ့ရူပဂုဏ်သတ္တိတွေကို ပြန်ပြီး ကောင်းမွန်လာအောင် ပြုပြင်ပေးနိုင်ပါတယ်။ အပင်အတွက် လိုအပ်တဲ့အာဟာရဓာတ်မျိုးစုံပါတဲ့ အဲဒီလိုမြေဩဇာတွေ အသုံးပြုရင်တော့ မြေကအာဟာရဓာတ်မျိုးစုံပြန်ရမှာပါ။ နောက်ပြီးပျက်စီးသွားတဲ့ အကျိုးပြုအဏုဇီဝ သက်ရှိလေးတွေ ပြန်လည်ရှင်သန် ပွားများလာစေဖို့အတွက် အဲဒီမြေဩဇာတွေက ပြုလုပ်ပေးနိုင်ပါတယ်”ဟု ဒေါက်တာဝင်းထင်က ပြောကြားသည်။

အီးစီမီတာဖြင့်တိုင်းတာ

မြန်မာနိုင်ငံတွင် ရေငန်ဝင်တတ်သည့် ဒေသများမှာ မြစ်ဝကျွန်းပေါ်ဒေသ၊ ရန်ကုန်တိုင်း ကမ်းရိုးတန်းဒေသ၊ ရခိုင်ပြည်နယ် ကမ်းရိုးတန်းဒေသနှင့် တနင်္သာရီတိုင်း ကမ်းရိုးတန်းဒေသများဖြစ်သည်။ မြေနှင့် ရေတို့တွင် ပါဝင်သော အငန်ဓာတ်ကို အီးစီမီတာဖြင့် တိုင်းတာ၍ရကြောင်း သိရသည်။ စပါးသည် ဆားအငန်ဓာတ် နှစ်မီလီမိုးအထိ ကောင်းစွာဖြစ်ထွန်းသော်လည်း ထို့ထက် အငန်ဓာတ်ပမာဏများပြားပါက ဆားငန်ဒဏ်ကို ခံရပြီး ဆားအငန်ဓာတ် ၄ ဒသမ ၈မီလီမိုးအထိ ရှိပါ

“ရေငန်အဝင်ခံရတဲ့ မြေနဲ့ စပါးစိုက်ခင်းတွေမှာ ဘိုင်အိုစူပရင်းလို ဇီဝမြေဩဇာ သုံးစွဲသင့်တယ်”

ဦးဇော်သန်း
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း

က စပါးအထွက် ၅၀ ရာခိုင်နှုန်းအထိ လျော့ကျနိုင်ကြောင်း သိရသည်။ ထို့အပြင် ဆားငန်ဓာတ်အမြင့်ဆုံးမှာ နှစ်စဉ်မတ်လမှ မေလအထိဖြစ်ပြီး ၁၀မီလီမိုးအထိရှိတတ်ကြောင်းလည်း သိရသည်။

အဖျင်းအမှော်များ

“စပါးမှာ ပျိုးထောင်စိုက်ခင်းနဲ့ တိုက်ရိုက်အစေ့ချစိုက်ခင်းနှစ်မျိုးရှိပါတယ်။ တိုက်ရိုက်အစေ့ချစိုက်ခင်းက ပျိုးထောင်စိုက်စပါးခင်းထက်ပိုပြီး ဆားငန်ဒဏ်ခံရပါတယ်။ စပါးပင် အရွက်ထွက်စချိန်မှာ အငန်ဓာတ်ကြောင့် ထိခိုက်မှုအများဆုံးဖြစ်ပြီး ပန်းပွင့်ချိန်မှာ ဆားငန်ဒဏ်ခံရရင် အဖျင်းအမှော်တွေ များတတ်ပါတယ်”ဟုလည်း ဒေါက်တာဝင်းထင်က ဆက်လက်ရှင်းပြသည်။

ဘိုင်အိုစူပရင်း

ထိုသို့ ရေငန်ကြောင့် ထိခိုက်မှုရှိသည့် စပါးခင်းများအတွက် မည်သည့် ဇီဝမြေဩဇာများကို အသုံးပြုသင့်သည်နှင့် ပတ်သက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ စပါးသီးနှံကျွမ်းကျင်သူ ဦးဇော်သန်းက “ဒီလိုရေငန်အဝင်ခံရတဲ့မြေနဲ့စပါးစိုက်ခင်းတွေအတွက် ဇီဝမြေဩဇာဖြစ်တဲ့ ဘိုင်အိုစူပရင်းဇီဝမြေဩဇာကို အဓိက ဦးစားပေးသုံးစွဲသင့်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘိုင်အိုစူပရင်း ဇီဝမြေဩဇာမှာပါရှိတဲ့ အဏုဇီဝသက်ရှိလေးတွေက ရေငန်မှာပါလာတဲ့ ဆားဓာတ်ဆိုဒီယမ်တွေကို ပုံဆောင်ခဲလေးတွေဖြစ်အောင် ဖန်တီးလိုက်ပြီး စပါးပင်ရဲ့ အပြင်မှာပဲ စုဖွဲ့ပြီး ဖြစ်တည်နေစေတော့တာမို့ပါ။ ဒါကြောင့် စပါးပင်ရဲ့ အစာရေစကြောမှာ ဆားပွင့်တွေ ပိတ်ဆို့တာ၊ ဆိုဒီယမ်အဆိပ်သင့်တာ၊ ရေငတ်မှုဖြစ်ပေါ်တာ၊ ပိုတက်ဆီယမ်နဲ့ မဂ္ဂနီစီယမ်ဓာတ်ရမှုနည်းတာတွေ မဖြစ်တော့ပါဘူး” ဟု ရှင်းပြသည်။

ဒီလို ရေငန်အဝင်ခံရတဲ့ မြေနဲ့ စပါးစိုက်ခင်းတွေအတွက် ဇီဝမြေဩဇာဖြစ်တဲ့ ဘိုင်အိုစူပရင်း ဇီဝမြေဩဇာကို အဓိက ဦးစားပေး သုံးစွဲသင့်။

ရေငန်ဝင်ဒေသများတွင် ဇီဝမြေဩဇာသုံးစွဲပြီး ဤသို့ စနစ်တကျ စိုက်ပျိုးပါက အထွက်တိုးမည်ဖြစ်သည်။

ရွက်ဖျန်းမြေဩဇာ

ထို့အပြင် ဆားငန်ရေဝင်သော စပါးခင်းများ၌ စူပါဂေ ရွက်ဖျန်းမြေဩဇာကိုလည်း ဖျန်းပေးရမည်ဖြစ်ကြောင်း ၊ သို့မှသာ စပါးပင် ပြန်ပြီးတောင့်တင်းသန်မာလာမည်ဖြစ်ကြောင်း အနည်းဆုံး ၁၅ ရက်တစ်ကြိမ် ဖျန်းပေးသင့်ကြောင်း သိရသည်။

ဘိုင်အိုစူပရင်း ဇီဝမြေဩဇာမှာပါရှိတဲ့ အဏုဇီဝသက်ရှိလေးတွေက ရေငန်မှာပါလာတဲ့ ဆားဓာတ်ဆိုဒီယမ်တွေကို ပုံဆောင်ခဲလေးတွေဖြစ်အောင် ဖန်တီးလိုက်ပြီး စပါးပင်ရဲ့ အပြင်မှာပဲ စုဖွဲ့ပြီး ဖြစ်တည်နေ။ စပါးပင်ရဲ့အစာရေကြောမှာ ဆားပွင့်တွေပိတ်ဆို့တာ၊ ဆိုဒီယမ်အဆိပ်သင့်တာ၊ ရေငတ်မှု ဖြစ်ပေါ်တာ၊ ပိုတက်ဆီယမ်နဲ့မဂ္ဂနီစီယမ်ဓာတ်ရမှု နည်းတာတွေ မဖြစ်တော့ပါ။

တွဲပြီးသုံးစွဲ

တစ်ဖန် ရေငန်စပါးခင်းများ၌ ဘိုင်အိုစူပရင်းနှင့် ပုလဲဓာတ်မြေဩဇာတွဲပြီး သုံးစွဲရမည့် အချိုးအစားများနှင့် ပတ်သက် ၍လည်း “ပုံမှန်အနေနဲ့ကတော့ တစ်ဧကကို ဘိုင်အိုစူပရင်း ဓာတ်မြေဩဇာနှစ်အိတ်ကနေပြီး လေးအိတ်အထိ သုံးစွဲသင့်ပါတယ်။ စပါးမစိုက်ခင် မြေခံအတွက်လည်း သင့်ပြီး အရေးကြီးတဲ့ စပါးကြီးထွားမှုအဆင့်ဖြစ်တဲ့ ပင်ပွားချိန်၊ မှိုကပ်ချိန်တွေမှာ တစ်ဧက နှစ်အိတ်ထည့်ပေးသင့်ပါတယ်။ တကယ်လို့ ပုလဲဓာတ်မြေဩဇာနဲ့ ဘိုင်အိုစူပရင်းဇီဝမြေဩဇာကို တွဲပြီးသုံးရင် ပုလဲဓာတ်မြေဩဇာမှာပါတဲ့ အာနိသင်ဟာ သုံးဆလောက် မြင့်တက်လာပါတယ်။ ဒါကြောင့် ဘိုင်အိုစူပရင်း ဇီဝမြေဩဇာ နှစ်အိတ်နဲ့ ပုလဲဓာတ်မြေဩဇာ ရစ်ပြည်လောက် တွဲသုံးရင် အများဆုံးထိရောက်နိုင်ပါတယ်” ဟု ဦးဇော်သန်းက ရှင်းလင်းပြောကြားသည်။

ရှင်းပြ

ထို့နောက် တကယ်တမ်းရေငန်ဝင်ဒေသများ၌ အသုံးပြုမည့် အဆင့်မီ အရည်အသွေး ပြည့်ဝသည့် မြေဩဇာများဖြစ်ရန် လိုအပ်သည်ဖြစ်ရာ အဆင့်မီသည့် မြေဩဇာအမျိုးအစားများနှင့် ပတ်သက်၍လည်း မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း အပင်ကာကွယ်ရေးဌာနမှ မြေဆီလွှာပညာရှင် ဦးအေးထွန်းက “အဆင့်မီအရည်အသွေးပြည့်ဝတဲ့ ဇီဝမြေဩဇာဆိုတဲ့နေရာမှာ သုံးစွဲတဲ့ကုန်ကြမ်း မှန်ကန်ဖို့လိုတယ်။ အဲဒီမြေဩဇာဟာ ရောဂါပိုးတွေ သေစေနိုင်ဖို့ အပူချိန်မြင့်ဖို့လည်း လိုအပ်တယ်။ ထုတ်လုပ်နေစဉ်နဲ့ ထုတ်လုပ်ပြီးတဲ့ ထုတ်ကုန်တွေအပေါ်မှာလည်း စဉ်ဆက်မပြတ် အရည်အသွေးစစ်ဆေးဖို့ လိုအပ်ပါတယ်။ သုံးစွဲတဲ့ကုန်ကြမ်း အပင်အစိတ်အပိုင်းတွေရဲ့ ကာဗွန်၊ နိုက်ထရိုဂျင်အချိုးဟာ(၂၀-၃၀း၁) ထက် ပိုမများရဘူး။ ဒါမှ ဆွေးမြည့်မှု မြန်ဆန်ပြီး အကျိုးပြုအဏုဇီဝ သက်ရှိလေးတွေ ကောင်းကောင်းပွားများနိုင်မှာပါ။ ဒီထက် အချိုးအဆများသွားရင် ဆွေးမြည့်မှု နှေးကွေးတာမို့ အဏုဇီဝသက်ရှိလေးတွေ ကောင်းကောင်း မပွားနိုင်ပါဘူး”ဟု ရှင်းပြသည်။

အပူချိန်

ထို့အပြင် မြေဩဇာကဆွေးမြည့်ဆဲကာလအတွင်း အပူချိန်မြင့်တက်ရန် လိုအပ်သည်။ ထိုသို့ အပူချိန်မြင့်တက်မှုမှာ တဖြည်းဖြည်းနှင့် ဖာရင်ဟိုက် စင်တီဂရိတ် ရောက်ရှိရန် လိုအပ်လေသည်။ သို့မှသာ လူနှင့်အပင်များကို ရောဂါဖြစ်စေသည့် ပိုးမွှားများ သေဆုံးစေမည်ဖြစ်သည်။ စနစ်တကျ ထုတ်လုပ်မှုမရှိသည့် သဘာဝမြေဆွေးများမှာ ဆွေးမြည့်စဉ်ကာလ၌ အပူချိန် ၅၀စင်တီဂရိတ်မကျော်သဖြင့် လူနှင့် အပင်များ ရောဂါရနိုင်ပြီး ပေါင်းလည်းထူကာ ကုန်ကျစရိတ် များနိုင်ကြောင်း သိရသည်။

“နောက်တစ်ချက်က ထုတ်လုပ်မှုနည်းစနစ်မှန်ကန်ဖို့ လိုအပ်ပါတယ်။ ထုတ်လုပ်လိုက်တဲ့မြေဩဇာမှာ အဏုဇီဝ သက်ရှိလေးတွေ အသက်ရှုဖို့အတွက် အောက်ဆီဂျင် စဉ်ဆက်မပြတ်ပေးနေဖို့၊ အစုအပုံရဲ့ ပမာဏဟာ သတ်မှတ်ချက်ထက် မကျော်လွန်ဖို့၊ အချိန်ကာလသတ်မှတ်ချက်အတိုင်း စက်နဲ့မွှေဖို့၊ အမြင့်ဆုံးအပူချိန်ရောက်ပြီးရင် ပြန်အအေးခံဖို့၊ ထုတ်ကုန်ရင့်ကျက်ချိန်ကာလ အပြည့်အဝရှိဖို့ လိုအပ်ပါတယ်။ ဒါမှ ပွရွပြီး အာဟာရဓာတ်နဲ့ အဏုဇီဝ သက်ရှိလေးတွေ အပြည့်ပါတဲ့ အဆင့်မြင့်ဇီဝမြေဩဇာတစ်ခုဖြစ်မှာပါ။ အစိုဓာတ်နဲ့တွေ့ရင် အပူချိန်ပြန်မတက်ရဘူး၊ ဒါ့အပြင် ထုတ်ကုန်ရဲ့ အရည်အသွေးထိန်းသိမ်းရေးအနေနဲ့ ထုတ်လုပ်နေတဲ့ ဇီဝမြေဩဇာကို အသုတ်တိုင်းမှာ ကျပန်း နမူနာယူပြီး အရည်အသွေးစစ်ဆေးမှ အရည်အသွေးမြင့်တဲ့ ထုတ်ကုန်အမြဲတမ်း ဖြစ်နေမှာပါ။ နောက်ပြီး အရည်အသွေးမြင့် စက်ရုံနဲ့ အရည်အသွေးစံချိန်မီစွာ စစ်ဆေးနိုင်တဲ့ ဓာတ်ခွဲခန်းတွေနဲ့ စစ်ဆေးသွားဖို့ လိုအပ်ပါတယ်”ဟု မြေဆီလွှာပညာရှင် ဦးအေးထွန်းက ဆက်လက်ရှင်းပြသည်။

အထွက်နှုန်းကောင်း

ထိုသို့သော အရည်အသွေးရှိသည့် ဇီဝမြေဩဇာများကို လက်တွေ့သုံးစွဲနေသော ရန်ကုန်တိုင်းသုံးခွမြို့နယ် ဆယ်ရွာမှ တောင်သူ ဒေါ်မြင့်မြင့်မော်က ရေငန်ဝင် စပါးစိုက်ခင်းများ၌ ဘိုင်အိုစူပရင်း ဇီဝမြေဩဇာသုံးစွဲမှုနှင့် ပတ်သက်ပြီး ပြောကြားရာတွင် “ကျွန်မတို့ဆယ်ရွာရဲ့ ရေငန်ဝင်ဒေသတွေမှာ ဆင်းသွယ်လတ်နဲ့ ရာကျော် အစိုက်များပါတယ်။ အထွက်နှုန်းကလည်း တစ်ဧက တင်း၆၀ ဝန်းကျင်လောက်ရှိတယ်။ ဒါပေမယ့် ရေငန်ဝင်တဲ့ လယ်တွေမှာ ဘိုင်အိုစူပရင်းဇီဝမြေဩဇာ နှစ်အိတ်ကို ပုလဲမြေဩဇာလေးပြည်နှုန်းနဲ့ ရောပြီး သုံးခဲ့တာဟာ စပါးအထွက် တစ်ဧကတင်း၇၀ကျော်ထွက်ခဲ့တာ ကျွန်မကိုယ်တွေ့ပါပဲ။ ဘိုင်အိုစူပရင်းမြေဩဇာ မသုံးခင်က ပဲသီးထပ်စိုက်ရင် မအောင်မြင်ခဲ့တဲ့အခင်းတွေမှာ မိုးစပါးအနေနဲ့ အဲဒီမြေဩဇာကို အသုံးပြုတော့ အထွက်နှုန်းကောင်းလာတာ လက်တွေ့ဖြစ်ပါတယ်” ဟု ပြောကြားသည်။

အောင်မြင်

ထို့ကြောင့် ရေငန်ဝင်ဒေသများတွင် သာမက အခြားစိုက်ပျိုးသီးနှံများတွင်ပါ ဇီဝမြေဩဇာ ဘိုင်အိုစူပရင်းကိုသုံးစွဲခြင်းဖြင့် အထွက်နှုန်းတိုးသည့်အပြင် ပီလောပီနံ၊ အာလူး၊ ငှက်ပျော၊ ကွမ်း၊ ပြောင်းဖူး၊ မတ်ပဲ၊ ပဲတီစိမ်း၊ ငရုတ်ကောင်း၊ နှမ်း စသည့် သီးနှံများ အထွက်နှုန်းကောင်းပြီး အောင်မြင်ဖြစ်ထွန်းမှုများ သိသာစွာ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

စနစ်တကျ

မြန်မာ့တောင်သူများ အနေဖြင့် မိမိတို့၏ လယ်ယာစိုက်ပျိုးမြေများ စိုက်ပျိုးဖြစ်ထွန်းပြီး သီးနှံဖွံ့ဖြိုး အထွက်တိုးအောင် စနစ်တကျဖြင့် မြေပြုပြင်မှု၊ ထိန်းသိမ်းမှုနှင့် မြေဩဇာသုံးစွဲမှုများ ပြုလုပ်သင့်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

“အရည်အသွေးမြင့်တဲ့ ဇီဝမြေဩဇာသုံးစွဲခဲ့လို့ အထွက်တိုးလာတာ ကိုယ်တွေ့ပါ”

ဒေါ်မြင့်မြင့်မော်
သုံးခွမြို့နယ် ဆယ်ရွာမှ တောင်သူ

ရေငန်ဝင်ဒေသများတွင် ဇီဝမြေဩဇာသုံးစွဲပြီး ထွန်ယက်နေသော တောင်သူလယ်သမားတစ်ဦး။

● *ကျောဖုံးမှ*

ပေးအပ်လှူဒါန်း

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လှိုင်လင်ခရိုင်ရှိ နည်းပညာတက္ကသိုလ် (ပင်လုံ) အစည်းအဝေးခန်းမ၌ လှိုင်လင်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံပြီး ဗိုလ်ချုပ်မင်းအောင်လှိုင်က လှိုင်လင်မြို့နယ်အတွက် စာရေးကိရိယာ၊ သုတရသစာပေများနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ တောင်ကြီးမြို့သို့ ရောက်ရှိကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဖွင့်လှစ်ထားသော Public Internet Assess Center ကို ကြည့်ရှုအားပေးသည်။

တွေ့ဆုံ

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တို့မှ အသင်းဝင်များအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥတုရာသီ
တောကိုမှီ၏

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန် မြင်းများမွေးမြူထားမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၃၀

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့နံနက် ၉နာရီခွဲက ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကြို့ကုန်းရှိ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (ရန်ကုန်)၌ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန် မြင်းများမွေးမြူထားမှု၊ ကူးစက်ရောဂါ ကာကွယ်ဆေးထိုး၍ မြင်းများကို ထိန်းသိမ်းစောင့်ရှောက်ထားရှိမှု၊ မြင်းများကို မြွေဆိပ်ဖြေဆေးထိုးနှံမှုနှင့် မြင်းသွေးထုတ်လုပ်နိုင်မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

အလေးထား

ထို့နောက် ဝန်ကြီးသည် မြွေဆိပ်ထိုးနှံမှုနှင့် မြင်းသွေးထုတ်လုပ်မှုလုပ်ငန်းခွင်သို့ ရောက်ရှိပြီး မြွေဆိပ်ထိုးနှံမှုနှင့် မြင်းသွေးထုတ်လုပ်မှု အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ကျန်းမာရေးလုပ်ငန်းများအတွက် မြွေဆိပ်ဖြေဆေးများ ဖြည့်ဆည်းထုတ်လုပ်နိုင်ရန် မြင်းများကို ကူးစက်ရောဂါကာကွယ်ဆေးထိုး၍ စနစ်တကျ မွေးမြူရေး၊ မြွေဆိပ်ထိုးနှံမှုနှင့် မြင်းသွေးထုတ်လုပ်မှု အဆင့်ဆင့်ကို အလေးထား ဂရုပြုဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက်ဝန်ကြီးသည် ကြက်ဥမှ မြွေပွေး အဆိပ်ဖြေဆေး စမ်းသပ်ထုတ်လုပ် သုတေသနပြုလုပ်လျက်ရှိသော အခြေအနေကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြိုးပမ်း

မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၌ ကြက်ဥမှ မြွေပွေးအဆိပ်ဖြေဆေး စမ်းသပ်ထုတ်လုပ် သုတေသနပြုလုပ်လျက်ရှိပြီး လူတွင် အသုံးပြုနိုင်သည့်အဆင့် ဖြေဆေးများရရှိရေး ကြိုးပမ်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်စပ်ဒေသ အိမ်တွင်းမှု သင်တန်းကျောင်းများ သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန မွန်ပြည်နယ် မုဒုံမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁၁)၊ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၈)၊ အိမ်တွင်းမှုလက်မှု သင်တန်း(ကြိမ်) အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၅ရက်က သင်တန်းကျောင်း ခန်းမ၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

ဘားအံမြို့

ထို့အတူ ကရင်ပြည်နယ် ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁၈)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲကို ဩဂုတ်၂၅ရက်က သင်တန်းကျောင်းခန်းမ၌ကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း တက်ရောက် အမှာစကားပြောကြားသည်။

အခမဲ့

အလားတူ ကရင်ပြည်နယ် မြဝတီ၊ မွန်ပြည်နယ် ရေး၊ တနင်္သာရီတိုင်း မြိတ်၊ ကော့သောင်း၊ ရခိုင်ပြည်နယ် မောင်တော၊ မကွေးတိုင်း ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ၊ ချင်းပြည်နယ် ဟားခါး၊ ဖလမ်း၊ တီးတိန်၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်မြို့များရှိ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၏ သင်တန်းဖွင့်ပွဲ အခမ်းအနားများကိုလည်း သက်ဆိုင်ရာ သင်တန်းကျောင်း အသီးသီး၌ ကျင်းပခဲ့ကြောင်းနှင့် တက်ရောက်သည့် သင်တန်းသူများအနေဖြင့် သင်တန်းကျောင်းသို့ အသွားအပြန် ခရီးစရိတ်များ၊ နေထိုင်စားသောက်စရိတ်များ၊ သင်တန်းသုံးပစ္စည်းများမှာ အခမဲ့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း မလေးရှားနိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၃၁

၂၀၀၈ခုနှစ် ဩဂုတ်၃၁ရက်တွင် ကျရောက်သော မလေးရှားနိုင်ငံ၏ (၅၁) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒါတွဒ်ဆရီအူတမာ ဒေါက်တာရိုင်း(စ်)ယက်တင်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပိုင်းမော်စည်ပင် ပန်းအလှပင်များ စိုက်ပျိုး

ပိုင်းမော် ဩဂုတ် ၃၀

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးသည် ပိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်အဖွဲ့ဝန်ထမ်းများမှ လမ်းဘေးဝဲယာ သာယာလှပရေးအတွက် စက္ကူပန်းပင်၊ ခရစ္စမတ်ပင်၊ ခရာဝါပင်၊ ပန်းအိုနှင့် နွယ်သာကီပင်များစိုက်ပျိုးနေမှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

ဩဂုတ် ၃၀ရက်က မြို့နယ်အတွင်း မူခင်းများလျော့နည်းကျဆင်းရေး ပညာပေးဟောပြောပွဲကို တာမွေမြို့နယ် ပုသိမ်ညွန့် (စံပြ)ရပ်ကွက်တွင် ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဉာဏ်ဝင်းက ရှင်းလင်းဟောပြောစဉ်။ (၁၂၃)

ပြည်တွင်းအခွန်စာရေးဝန်ထမ်း အရည်အချင်းမြှင့် မွမ်းမံသင်တန်းနှင့် ကွန်ပျူတာအခြေခံသင်တန်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၃၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန စာရေးဝန်ထမ်းအရည်အချင်းမြှင့်မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၀၈)နှင့် ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၀၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်စနာရီခွဲက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ဆုများချီးမြှင့်

သင်တန်းဆင်းပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ ၇၀ တက်ရောက်ကြပြီး ဆုရရှိသူများအား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်က ဆုများချီးမြှင့်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၃၁-၈-၂၀၀၈ရက်(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၀ ၂။ နံနက်ခင်းသတင်း
၇:၄၀ ၃။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၄။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၈:၀၀ ၅။ တေးဂီတအစီအစဉ်
၈:၁၅ ၆။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၁၀-၁၅နှစ်) [အမျိုးသား၊ အမျိုးသမီး]**
၈:၃၀ ၇။ International News

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂:၀၀ ၅။ မြန်မာရုပ်ရှင် **ကြည်ပြာ** ထွန်းထွန်းဝင်း၊ မေဝင်းမောင် (ဒါရိုက်တာ-ကြီးမြင့်)
၁၃:၅၀ ၆။ အဆိုပြိုင်ပွဲ
၁၄:၀၀ ၇။ ကြေးမုံရိပ်သွင် တေးနုယဉ်
၁၄:၁၀ ၈။ အတီးပြိုင်ပွဲ
၁၄:၂၀ ၉။ **နှစ်မြွာနတ်မိမယ်** မင်းသူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-အောင်ကျော်ကျော်)
၁၄:၄၅ ၁၀။ International News

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၃၀ ၄။ အဆိုပြိုင်ပွဲ
၄:၄၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၅၀ ၆။ တေးဂီတအစီအစဉ်
၅:၀၀ ၇။ အကပြိုင်ပွဲ
၅:၀၅ ၈။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၅-၁၀နှစ်) [အမျိုးသား၊ အမျိုးသမီး]**
၅:၂၀ ၉။ ဆိုကြမယ် ပျော်ကြမယ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ အတီးပြိုင်ပွဲ
၆:၄၅ ၁၃။ တေးဂီတအစီအစဉ်
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေမင်းသားလေးချစ်ပုံပြင်** (အပိုင်း-၂၇)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး** (အပိုင်း-၁၈)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဩဂုတ် ၃၀

၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲတွင် နေပြည်တော်ရှိ သတ်မှတ်ဘောလုံးအားကစားကွင်းများ၌ ဆက်လက်ကျင်းပရာ နေပြည်တော် အမှတ်(၁) ဘောလုံးအားကစားကွင်း၌ (ခခ)အုပ်စုမှ အားကစားဝန်ကြီးဌာနဘောလုံးအသင်းက ယဉ်ကျေးမှုဝန်ကြီးဌာနဘောလုံးအသင်းကို ၁၀ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ (ခခ)အုပ်စုမှ ပြန်ကြားရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

ကြည့်ရှုအားပေး

ယနေ့ကျင်းပသည့် ဘောလုံးပြိုင်ပွဲများကျင်းပရာသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း **(အပေါ်ပုံ)**၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံစာကြည့်တိုက် သင်တန်း(၂/၂၀၀၈)သို့ တက်ရောက်လျက်ရှိကြသော ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ သင်တန်းသားသင်တန်းသူများ၊ ဌာနဆိုင်ရာများမှဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့်အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ဩဂုတ်၃၁ရက်တွင်ပြိုင်ပွဲများမရှိဘဲ စက်တင်ဘာ၁ရက်တွင် နေပြည်တော်အမှတ်(၁) ဘောလုံးအားကစားကွင်း၌ (ဂဂ)အုပ်စုမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း၊ နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ (ဂဂ) အုပ်စုမှ သာသနာရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့သည်လည်း ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **(သတင်းစဉ်)**

✡ ရှေ့ဖုံးမှ

လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်အတွင်း ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၂)ရပ်ကွက်၌ ကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သနပ်ပင်ကျေးရွာ၌ ကျင်းပသည့် ရန်ကုန်တောင်ပိုင်းခရိုင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတို့သို့ တက်ရောက်အားပေးပြီး အမှတ်တရ သစ်ပင်များ စိုက်ပျိုးပေးသည်။

ကန်တော်ကြီး သဘာဝဥယျာဉ်အတွင်း၌ ကံ့ကော်၊ ခရေ၊ ပျဉ်းမ၊ မဟော်ဂနီ၊ ကျွန်း၊ ကညင်၊ မန်ကျည်း၊ တမာနှင့်အင်ကြင်းအပါအဝင်သစ်ပင်ပေါင်း ၃၀၀၀၊ ပြည်သူ့ရင်ပြင်နှင့်ပြည်သူ့ဥယျာဉ်အတွင်း ကျွန်း၊ ခရေ၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မန်ကျည်း၊ စိန်ပန်းပင်နှင့် ပျဉ်းမအပါအဝင် သစ်ပင်ပေါင်း၄၆၀၀၊ ပြည်သူ့လွှတ်တော်ဝင်းအတွင်း သစ်ပင်ပေါင်း ၇၀၀ကျော်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၂)ရပ်ကွက်၌ သစ်ပင်ပေါင်း ၉၀၀ ခန့် စိုက်ပျိုးပေးခဲ့ကြောင်း၊ ယခုနှစ်မိုးရာသီ၌ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်း စုစုပေါင်းသစ်ပင် ၃၅၂၀၀ကျော်၊ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း သစ်ပင်ပေါင်း ၄၈၀၀၀ ကျော်နှင့် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းသစ်ပင်ပေါင်း ၂၈၄၀၀၀ ကျော်ကို စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။

အစားထိုးစိုက်ပျိုး

အလားတူ ယခုနှစ် မိုးရာသီ၌ ရန်ကုန်တိုင်းအတွင်း မုန်တိုင်းတိုက်ခတ်မှုကြောင့် လဲပြိုသွားခဲ့သောသစ်ပင်များနေရာတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပျဉ်းမ၊ ခရေ၊ ကံ့ကော်၊ စိန်ပန်း၊ မန်ကျည်း၊ တမာ ၊ ထန်းနှင့် ပိတောက်အပါအဝင် အရိပ်ရပင်နှင့် လေကာပင်စုစုပေါင်း ၆၂၅၀၀၀ကျော်ကို အစားထိုး စိုက်ပျိုးပြီး ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောသစ်ပင်
ဒို့ချစ်ခင်
နေ့စဉ်စိုက်ပျိုး
အလှတိုး

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေ ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာသင်တန်းအမှတ်စဉ် (၁/၂၀၀၈)ကို ကြည့်ရှုစစ်ဆေးစဉ်။

(ဘဏ္ဍာ/အခွန်)

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

တရုတ်အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်၌ ငလျင်လှုပ် ၂၂ဦးသေဆုံး၊ နေအိမ်အချို့ပျက်စီး

ပေကျင်း ဩဂုတ် ၃၀

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် ဩဂုတ်၃၀ရက် ညနေ၄နာရီခွဲက ရစ်ချ်တာစကေး ၆ဒသမ၁ရှိ ငလျင်လှုပ်သွားရာ ၂၂ဦး သေဆုံးခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ပျက်စီး

အဆိုပါငလျင်သည် စီချွမ်ပြည်နယ် အနောက်တောင်ပိုင်း ပင်ကျီဟွာမြို့မှ အရှေ့တောင်ဘက် ၃၁မိုင်ခန့်အကွာ၌ ဗဟိုပြု လှုပ်သွားခြင်းဖြစ်ကြောင်းနှင့် နေအိမ်အချို့ ပျက်စီးခဲ့ကြောင်း သိရသည်။

နီပေါနယ်စပ်၌ ငလျင်လှုပ် နေအိမ်အများအပြားပျက်စီး

ခတ္တမန္ဒူ ဩဂုတ် ၃၀

တရုတ်နိုင်ငံ တိဗက်ဒေသနှင့် နီပေါနိုင်ငံ နယ်စပ်တွင် ဩဂုတ် ၃၀ ရက်က အင်အားရစ်ချ်တာစကေး ၅ရှိ ငလျင်လှုပ်ခဲ့ရာ နေအိမ်အများအပြား ပျက်စီးခဲ့ကြောင်း တရုတ်နိုင်ငံသဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။(အပေါ်ပုံ)

အဆိုပါငလျင်မှာ နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ အနောက်မြောက်ဘက် မိုင် ၂၄၀ခန့်အကွာ တရုတ်နိုင်ငံ ပေကျင်းမြို့ အနောက်ဘက်မိုင်၂၀၀၀ ခန့်အကွာ၌ ဗဟိုပြု၍ လှုပ်သွားခြင်းဖြစ်ပြီး ဩဂုတ်၃၀ရက် ဒေသစံတော်ချိန် မွန်းလွဲ ၅နာရီ၄၃မိနစ်ခန့်က လှုပ်သွားခဲ့ခြင်းဖြစ်သည်။ တိဗက်ဒေသတောင်ပိုင်း ဇောင်ဘာအရပ်တွင် နေအိမ်များပြိုကျမှုကြောင့် ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အိန္ဒိယ ဘီဟာပြည်နယ်၌ ရေလွှမ်းမိုးမှု သေဆုံးသူ ၇၀ ကျော်အထိရှိလာ

ဘီဟာ ဩဂုတ် ၃၀

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်တွင် လွန်ခဲ့သည့် သုံးရက်ခန့်ကတည်းက မိုးသည်းထန်ပြီး ရေလွှမ်းမှုဖြစ်ပွားခဲ့ရာ ဩဂုတ် ၃၀ရက်က ရေဘေးအန္တရာယ်ကြောင့် လူ၂၀ကျော် ထပ်မံသေဆုံးခဲ့ကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။

သေဆုံး

ဘီဟာပြည်နယ်တွင် ကျေးရွာပေါင်းများစွာ ရေလွှမ်းမှုကြုံတွေ့ခဲ့ရာ ဩဂုတ် ၃၀ရက်အထိ ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူဦးရေမှာ ၇၀ ကျော်နေပြီဖြစ်ကြောင်း သိရသည်။

ဆောင်ရွက်ပေး

ရေဘေးအန္တရာယ် ကြုံတွေ့နေရသည့် ကျေးရွာအများစုတွင် နေအိမ်များ ရေနစ်မြုပ်နေသဖြင့် သစ်ဖောင်၊ ဝါးဖောင်များ ဖွဲ့ကာ နေထိုင်ရလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့များက စားနပ်ရိက္ခာများ ပေးဝေကာ လိုအပ်သည့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**



ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းများ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၃၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေသည် ဩဂုတ် ၂၈ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ပန်ဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံပြီး ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမနှင့် ကွန်ပျူတာသင်တန်းခန်းမတို့၌ ဖွင့်လှစ်လျက်ရှိသော စာရေးဝန်ထမ်းအရည်အချင်းမြှင့် မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၀၈) နှင့် ကွန်ပျူတာသင်တန်းအမှတ်စဉ် (၁/၂၀၀၈)တို့ကို သွားရောက်စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျူးဘား၊ ဟေတီနှင့် ဂျမေကာနိုင်ငံများသို့ ဟာရီကိန်းမုန်တိုင်းတိုက်ခတ် ၇၀ကျော်သေဆုံး၊ နေအိမ်အများအပြားပျက်စီး

ထရီပိုလီ ဩဂုတ် ၃၀

ကျူးဘားနိုင်ငံ အနောက်ပိုင်းဒေသကို ဖြတ်သန်းကာ ဩဂုတ် ၃၀ ရက်က ဂူစတပ်အမည်ရှိ ဟာရီကိန်းမုန်တိုင်း တိုက်ခတ်သွားရာ သေဆုံးမှု၊ နေအိမ်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း ကျူးဘားအရာရှိများက ပြောကြားသည်။

ရေလွှမ်း

အဆိုပါ ဂူစတပ်ဟာရီကိန်းမုန်တိုင်းသည် ဟေတီ၊ ဂျမေကာနှင့် ကိုင်မင်ကျွန်းများသို့ ဖြတ်သန်း တိုက်ခတ်ရာ ၇၀ကျော်သေဆုံးပြီး နေအိမ်များပျက်စီးကာ ရေလွှမ်းမှုများလည်း ဖြစ်ပေါ်ခဲ့သည်။

ဦးတည်ရွေ့လျား

ဂူစတပ်ဟာရီကိန်းမုန်တိုင်းသည် တစ်နာရီလျှင် ၁၁၅ မိုင်နှုန်းတိုက်ခတ်ခဲ့သဖြင့်မုန်တိုင်းဖြတ်သန်း တိုက်ခတ်ရာလမ်းကြောင်း၌သေဆုံးမှု၊ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။ ၎င်းမုန်တိုင်းသည် မက္ကဆီကို ပင်လယ်ကွေ့သို့ ဆက်လက် ဦးတည် ရွေ့လျားသွားကြောင်း သိရသည်။

31-8 (08).pmd 1 9/1/2008, 3:13 AM

ပန်းဆယ်မျိုးအနုပညာ သုတေသန စာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၃၀

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ပန်းဆယ်မျိုး အနုပညာ သုတေသနစာတမ်းဖတ်ပွဲ**အခမ်းအနားကို နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ ယနေ့နံနက်၉နာရီတွင် ကျင်းပသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသား ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က အမှာစကား ပြောကြားပြီး စာတမ်းဖတ်ပွဲကို ဖွင့်လှစ်ပေးသည်။

ဖတ်ကြား

ယင်းနောက် စာတမ်းဖတ်ပွဲကို စတင်ကျင်းပရာ နံနက်ပိုင်းတွင် ပန်းထိမ်ပညာရှင် ဦးမြင့်တင်(စာရေးဆရာ မှတ်ကျောက်) က မြန်မာ့ရိုးရာ ရွှေပန်းထိမ် စာတမ်း၊ ပန်းထိမ် ပညာရှင် ဦးတင်လှက မြန်မာ့ရိုးရာ ငွေပန်းထိမ် စာတမ်းနှင့် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပန်းချီ ပညာဌာနမှ လက်ထောက်ကထိက ဒေါ်မြခက်က မြန်မာ့ရိုးရာပန်းချီနှင့် ပြောင်းလဲ တိုးတက်မှုများ စာတမ်းတို့ကို ဖတ်ကြားပြီး စာတမ်းဖတ်ပွဲကို ခေတ္တရပ်နားသည်။

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုကော်မတီဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ပန်းဆယ်မျိုး အနုပညာ သုတေသနစာတမ်းဖတ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)ပန်းချီပညာဌာနမှ ပါမောက္ခ ဦးတင်မောင်လွင်က မြန်မာ့ရိုးရာပန်းချီ ပညာ၏ (၂၁)ရာစုဦးကာလ တိုးတက်ရောက်ရှိမှုများစာတမ်း၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပန်းပုပညာဌာနမှ နည်းပြ ဒေါ်ခိုင်သဇင်ထွေးက မြန်မာ့ရိုးရာ ပန်းယွန်းပညာနှင့် နည်းပညာစာတမ်းနှင့် ယွန်းပညာရှင် ဦးသောင်းထွန်းက မြန်မာ့ရိုးရာ ယွန်းပညာကို ထိန်းသိမ်းခြင်းနှင့် သစ်လွင်ဆန်းသစ်သော အနုပညာလက်ရာများကို ပေါင်းစည်းခြင်း စာတမ်းတို့ကို ဖတ်ကြားကြသည်။

ယင်းနောက်ဖတ်ကြားတင်သွင်းထားသောစာတမ်းများနှင့်စပ်လျဉ်း၍ တက်ရောက်လာကြသော ပညာရှင် သုတေသီများ၊ ဧည့်သည်တော်များ၊ သုတေသနဝန်ထမ်းများက ဆွေးနွေး အကြံပြုမေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြသည်။

ဖြည့်စွက်ဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံအမျိုးသား ယဉ်ကျေးမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က စာတမ်းများအပေါ် ဖြည့်စွက်ဆွေးနွေးမှာကြားပြီး စာတမ်းဖတ်ပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ဂျာမနီဂြိုဟ်တုငါးလုံးကို သယ်ဆောင်သွားသည့် ရုရှားဒုံးပျံလွှတ်တင်

မော်စကို ဩဂုတ် ၃၀

ဂျာမနီနိုင်ငံမှ ဂြိုဟ်တုငါးလုံးကို အာကာသသို့သယ်ဆောင်သွားသည့် ဒုံးပျံတစ်စင်းအား ကာဇက်စတန်ရှိ ဘိုင်ကနူးအာကာသယာဉ်လွှတ်တင်ရေး စခန်းမှ ဩဂုတ်၃၀ရက် ဒေသစံတော်ချိန် နံနက် ၁၁နာရီ ၁၅မိနစ်တွင် လွှတ်တင်လိုက်သည်။

အဆိုပါ ဂြိုဟ်တုများသည် ဂျာမနီ အာကာသအေဂျင်စီအတွက် သတင်းအချက်အလက်များကို ပြန်လည်ပေးပို့မည်ဖြစ်ပြီး ဂြိုဟ်တုတစ်လုံး လျှင် အလေးချိန် ကီလိုဂရမ် ၁၅၀ခန့်လေးကြောင်း သိရသည်။

သီရိလင်္ကာ ကိုလံဘိုမြို့၌ ဗုံးပေါက်ကွဲ ၄၃ဦး ဒဏ်ရာရ

ကိုလံဘို ဩဂုတ် ၃၀

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ဩဂုတ်၃၀ရက်က အင်အားပြင်းထန်သော ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ ၄၃ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ကိုလံဘိုမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲသည့်နေရာမှာ ဈေးအနီး လူစည်ကားရာ ဘတ်စ်ကားမှတ်တိုင်အနီး ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အချို့ ဒဏ်ရာပြင်းထန်သဖြင့် ဆေးရုံသို့ တင်ပို့ဆေးကုသပေးနေရကြောင်း၊ ယခုကဲ့သို့ ဗုံးပေါက်ကွဲမှုမှာ တမီးလ်ကျားတို့၏ လက်ချက်ဖြစ်ကြောင်း သီရိလင်္ကာစစ်ဘက်က ပြောကြားသည်။

✻ *ကျောဖုံးမှ*

ယခု ကျင်းပလျက်ရှိသော အမျိုးသားတံခွန်စိုက်ပြိုင်ပွဲတွင် အမျိုးသား ခြောက်သင်း၊ အမျိုးသမီးလေးသင်း၊ ယူ-၂၀ပြိုင်ပွဲတွင် အမျိုးသားရှစ်သင်း၊ အမျိုးသမီးငါးသင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ယူ-၂၀ အမျိုးသား ပြိုင်ပွဲတွင် အုပ်စုနှစ်စုခွဲထားပြီး (က)အုပ်စုတွင် Eargon(B)၊ မိုးကုတ်၊ Furious၊ B. Boy၊ (ခ)အုပ်စုတွင် စစ်ကိုင်းတိုင်း၊ Eargon(A)၊ K.K.S၊ Golden Light House တို့ပါဝင်ကြပြီး တစ်အုပ်စုစီမှ အမှတ်အများဆုံး နှစ်သင်းစီမှာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်မည်ဖြစ်သည်။ အမျိုးသမီး ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မိုးကုတ်၊ စက်မှု(၁)နှင့် ရန်ကုန်တိုင်း တို့ ငါးသင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ပတ်လည်စနစ်ဖြင့် ကစားကာ အမှတ်အများဆုံးနှစ်သင်း ဗိုလ်လုပွဲသို့တက်ရောက်နိုင်မည်ဖြစ်သည်။

အမှတ်အများဆုံး

အလွတ်တန်းပြိုင်ပွဲ အမျိုးသားပွဲစဉ်တွင် သုံးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး (က)အုပ်စုတွင် စက်မှု(၁)၊ Lion အသင်း၊ Fox အသင်း၊ (ခ)အုပ်စုတွင် လယ်ယာ/ဆည်မြောင်း၊ သံလွင်နှင့် Kayah Golden Gade တို့ပါဝင်ကြပြီး တစ်အုပ်စုစီမှ နှစ်သင်းစီ အကြိုဗိုလ်လုပွဲတက်ရောက်မည်ဖြစ်သည်။ အမျိုးသမီးပြိုင်ပွဲတွင် စက်မှု(၁)၊ လယ်ယာ/ဆည်မြောင်း၊ ပြည်ထဲရေးနှင့် S.T.P အသင်းတို့ပါဝင်ကာ ပတ်လည်စနစ်ဖြင့်ကစားပြီး အမှတ်အများဆုံးနှစ်သင်း ဗိုလ်လုပွဲတက်ရောက်မည်ဖြစ်သည်။

ကျင်းပမည်

ပြိုင်ပွဲကို ဩဂုတ်၃၀ရက်မှ စက်တင်ဘာ ၅ရက်အထိ နေ့စဉ် နံနက် ၈နာရီမှစတင်၍ အောင်ဆန်းအားကစားကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပလျက်ရှိပါကြောင်း ဘတ်စကက်ဘော ဝါသနာရှင်များအား သတင်းစကား ပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအားပျော့

ရန်ကုန် ဩဂုတ် ၃၀

ဩဂုတ်၂၉ရက်က ကမ္ဘာ့နိုင်ငံများ၏ မိုးလေဝသအခြေအနေကို လေ့လာကြည့်ပါက ဗီယက်နမ်မြောက်ပိုင်း ဟာရိုင်းပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ခြင်း၊ ဂျပန်နိုင်ငံအလယ်ပိုင်း နာဂိုယာမြို့ အနီးဝန်းကျင်ဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ကနေဒါနိုင်ငံ ဖန်ကူဗာကျွန်းကမ်းလွန်တွင် လျှော်လှုပ်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရသည်။

ဩဂုတ်၃၀ရက်က မြန်မာနိုင်ငံ၏ မိုးလေဝသအခြေအနေကို လေ့လာကြည့်ပါက ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာသွန်းခဲ့သည်။ ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ မိုးရွာသွန်းခဲ့ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာစိပ်စိပ် မိုးရွာသွန်းခဲ့သည်။ ကျန်ပြည်နယ်နှင့် တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

မိုးထစ်ချုန်း

ဩဂုတ်၃၁ရက် **(ယနေ့)**ပြည်နယ်နှင့် တိုင်းများ၏ မိုးလေဝသအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မိုးရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်း တို့၌ နေရာကျဲကျဲ မိုးရွာနိုင်သည်။ ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ဩဂုတ်၃၁ရက်**(ယနေ့)**နေပြည်တော်နှင့် မန္တလေး မြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တို့တွင် မုတ်သုံလေ အားနည်းနေပြီး မြန်မာ့ပင်လယ်ပြင် တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်ဖြစ်သည်။

ဩဂုတ်၃၀ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

ခန္တီး	၂	ဒသမ	၅၂	လက်မ
မြစ်ကြီးနား	၂	ဒသမ	၂၁	လက်မ
ဘီးလင်း	၁	ဒသမ	၃၈	လက်မ
မောင်တော	၀	ဒသမ	၈၇	လက်မ

ကိုးကား-မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ ပင်ဂွင်ငှက်များ ထပ်မံရောက်ရှိ

နေပြည်တော် ဩဂုတ် ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိ တိရစ္ဆာန်ဥယျာဉ်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိရှန်ဟိုင်းတိရစ္ဆာန်ဥယျာဉ်တို့ အကြား တိရစ္ဆာန်လဲလှယ်ရေးအစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင်ဂွင်ငှက်၁၁ကောင်မှာ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)သို့ ယနေ့ ထပ်မံရောက်ရှိလာကြောင်း သိရသည်။

စည်ကားများပြား

နေပြည်တော်နှင့် အနီးပတ်ဝန်းကျင်မှ ပြည်သူများသည် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ရှိ အခြားတိရစ္ဆာန်များနှင့် ထပ်မံရောက်ရှိသော ပင်ဂွင်ငှက်များအား လာရောက်ကြည့်ရှုလေ့လာကြရာ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) အတွင်း အပန်းဖြေလာရောက်သူ ပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သတင်းရရှိသည်။ (အပေါ်ပုံ) (သတင်းစဉ်)

အာဆင်နယ်တို့ အိမ်ကွင်း၌ အမှတ်ပြည့်ယူ ပို့စ်မောက်တို့ အဝေးကွင်း၌ ဂိုးပြတ်အနိုင်ရ

လန်ဒန် ဩဂုတ် ၃၀

ပရီမီယာလိဂ်ပွဲစဉ်(၃)ကို ဩဂုတ်၃၀ရက်၌ ဆက်လက်ယှဉ်ပြိုင်ရာ အဲဗာတန်က အိမ်ကွင်း၌ ပို့စ်မောက်ကို သုံးဂိုးပြတ်ရှုံးပြီး ဝက်စ်ဟမ်းက ဘလက်ဘန်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အာဆင်နယ်နှင့်နယူးကာဆယ်

အဒီဘာယောနှင့် ဗန်ပါစီတို့ ဦးဆောင်သည့် အာဆင်နယ် တိုက်စစ်သည် နယူးကာဆယ်ဘက်သို့ ၂၁ကြိမ်ဂိုးသွင်းခွင့်ရရှိပြီး ၁၁ကြိမ် အပိုင်ကန်သွင်းခွင့်ရရှိခဲ့သည်။ အာဆင်နယ်အတွက် ဂိုးများကို ၁၈မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ဗန်ပါစီကတစ်ဂိုး၊ ၄၁မိနစ်တွင် ဗန်ပါစီကပင် အီဘူးပေးလိုက်သည့် ဘောလုံးကို ညာခြေဖြင့် ကန်သွင်းယူလိုက်သဖြင့် တစ်ဂိုးထပ်ရပြီး ၅၉မိနစ်၌ အာဆင်နယ် ကွင်းလယ်ကစားသမား ဒီနယ်လ်ဆင်က တစ်ဂိုးသွင်းယူခဲ့သဖြင့် အာဆင်နယ်တို့ သုံးဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အဲဗာတန်နှင့် ပို့စ်မောက်

ထိုးဖောက်ဂိုးသွင်းမှု အကြိမ်ကြိမ်ရခဲ့သော်လည်း တိုက်စစ်မှူးများဖြစ်သည့် ယာကူဘူနှင့် အိုလ်မန်တို့ အဆုံးသတ်မသေချာမှုကြောင့် အိမ်ကွင်း၌ အဲဗာတန်တို့ ချေပဂိုး တစ်ဂိုးပင်ပြန်မသွင်းနိုင်ခဲ့ချေ။ ဒီဖိုးနှင့် ပီတာခရောက်ချ်တို့ ဦးဆောင်သော ပို့စ်မောက် တိုက်စစ်သည် အဲဗာတန်နောက်တန်းကို ထိုးဖောက်ကာ ခုနစ်ကြိမ် အပိုင်ကန်သွင်းခွင့်ရခဲ့ရာမှ သုံးဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

အဲဗာတန်နှင့် ပို့စ်မောက်တို့ပွဲစဉ်တွင် ပို့စ်မောက် တိုက်စစ်မှူး ပီတာခရောက်ချ် ဤသို့ ခေါင်းတိုက်သွင်းယူရန် ကြိုးစားခဲ့သည်။

ပို့စ်မောက်အတွက် အဖွင့်ဂိုးကို ၁၁မိနစ်၌ အဲဗာတန် ဂိုးဧရိယာအတွင်း ပီတာခရောက်ချ် ခေါင်းဖြင့်ချပေးလိုက်သည့် ဘောလုံးကို ဒီဖိုးက ညာခြေဖြင့် အပိုင်ကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။ အဲဗာတန်တို့ ချေပဂိုး ရရှိရေး ကြိုးစားသော်လည်း မိနစ်၄၀၌ ဒီဖိုးပေးလိုက်သည့် ဘောလုံးကို ဂျွန်ဆင်က ဘယ်ခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် ပို့စ်မောက်တို့ ဒုတိယဂိုး ရရှိခဲ့ပြန်သည်။ အဲဗာတန်တို့ ချေပဂိုးသွင်းယူနိုင်ရေး ဖိကစားရာ ၄၇မိနစ်၌ ပယ်နယ်တီ ပြစ်ဒဏ်ရရှိခဲ့သည်။ ယင်းပြစ်ဒဏ်ဘောကို အဲဗာတန် တိုက်စစ်မှူး ယာကူဘူကန်သွင်းရာ ဂိုးမဝင်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ ပို့စ်မောက်အတွက် တတိယဂိုးမှာ ဒေးဗစ်ချပေးလိုက်သည့်ဘောလုံးကို ဒီဖိုးက ဂိုးဧရိယာအတွင်းမှ အနီးကပ်ကန်သွင်းယူခဲ့သဖြင့် ဂိုးရရှိခဲ့ရာမှ ပို့စ်မောက်တို့ သုံးဂိုးပြတ်ဖြင့် သုံးမှတ်အပြည့်ယူပြီး အိမ်ပြန်နိုင်ခဲ့သည်။

ဝက်စ်ဟမ်းနှင့် ဘလက်ဘန်း

အိမ်ကွင်း၌ ဝက်စ်ဟမ်းတို့ ဂိုးသွင်းခြေမြှူးခဲ့သည်။ ဘလက်ဘန်းတို့ ဝက်စ်ဟမ်းကို အသာစီးရအောင် ကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့် ၁၅ကြိမ်ရကာ အပိုင်ကန်သွင်းခွင့် ငါးကြိမ်ရရှိခဲ့သော်လည်း တစ်ဂိုးသာ ချေပနိုင်ခဲ့သည်။ ဝက်စ်ဟမ်းအတွက် အဖွင့်ဂိုးကို နောက်ခံလူဒါဗင်ပို့က ညာထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူခဲ့သည်။

ချေပဂိုး

ဝက်စ်ဟမ်းတို့ ဆက်တိုက်ထိုးဖောက်ကစားရာ မိနစ်၂၀၌ ဘလက်ဘန်း နောက်ခံလူ ဆမ်ဘာ ဘောလုံးရှင်းထုတ်ရာမှ ဂိုးဝင်သွားသဖြင့် ဝက်စ်ဟမ်းတို့ လက်ဆောင်ဂိုး ရရှိခဲ့သည်။ သို့သော် ဘလက်ဘန်းတို့ ပြန်လည်ထိုးဖောက်ကစားရာမှ ၂၂မိနစ်၌ ဂရီလာဖြတ်ပေးလိုက်သည့် ဘောလုံးကို တိုက်စစ်မှူး ရောဘတ်က ညာခြေဖြင့်ကန်သွင်းယူခဲ့သဖြင့် ချေပဂိုးတစ်ဂိုး ရရှိခဲ့သည်။

သို့ရာတွင် ပွဲချိန်ပြည့်ခါနီး မိနစ်၉၀၌ ဝက်စ်ဟမ်းတိုက်စစ်မှူး ဘယ်လာမီက ဒါဘင်ပို့ချပေးလိုက်သည့် ဘောလုံးကို ညာခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် တတိယဂိုး ရရှိခဲ့ပြီး စတုတ္ထဂိုးကို ပွဲချိန်အပြီး လေလွင့်ချိန်အတွင်း စကော့ပါကာ ဖြတ်ပေးလိုက်သည့် ဘောလုံးကို ချာတန်ကိုးက ညာခြေဖြင့် အနီးကပ်သွင်းယူခဲ့သဖြင့် ဝက်စ်ဟမ်းတို့ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။

အခြားပွဲရလဒ်များ

ဘော်လ်တန်	၀-၀	**ဝက်စ်ဘရွန်း**
ဟူးစီးတီး	၀-၅	**ဝီဂန်**
မစ်ဒယ်ဘရော့	၂-၁	**စတုတ်**

(ကိုးကား-အင်တာနက်)

ဖန်ခွက်ထဲမှာ ရေတစ်ဝက်ပြည့်နေပြီ

လေ့လာသူတစ်ဦး

ယနေ့ကာလသည် မြန်မာနိုင်ငံဒီမိုကရေစီအသွင်ကူးပြောင်းမှု၏ ပန်းဝင်ရန် နီးကပ်လာသောကာလဖြစ်သည်။ နိုင်ငံတော်အား တပ်မတော်က တာဝန်ယူ အုပ်ချုပ်နေခြင်းမှ ဒီမိုကရေစီ ပြည်သူ့အုပ်ချုပ်ရေးစနစ်သို့ ကူးပြောင်းရန် လက်တစ်ကမ်း(နှစ်နှစ်တာမျှကာလ)သို့ ရောက်ရှိနေလေပြီ။

ဤအခြေအနေ ယခုအနေအထားမျိုးသို့ ရောက်ရှိစေရန် နှစ်ပေါင်းများစွာ အချိန်ယူတည်ဆောက်ခဲ့ရသည်။ အခက်အခဲ၊ အကျပ်အတည်း အမျိုးမျိုး ဟန့်တားပိတ်ဆို့နှောင့်ယှက်မှု အဖုံဖုံကြားမှ ရုန်းကန်ကျော်လွှားခဲ့ရ၍ နှောင့်နှေးကြန့်ကြာခဲ့ရခြင်းဖြစ်သည်။ ဤအတောအတွင်း ခုရေတွင်းတူး၊ ခုရေကြည် သောက်လိုသည့် ဆန္ဒစွဲသမားများနှင့် ရေကန်အသင့် ကြာအသင့်ဖြစ်အောင် ဖော်ဆောင်ပေးနေသည့် လက်တွေ့ဝါဒီများအကြား ဝိရောဓိများ ရှိလာခဲ့ရသည်။

ပြည်သူလူထု၏ ဆန္ဒအမှန်မှာ ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းအဖြစ် ပေါ်ထွန်းစေလိုခြင်းဖြစ်သည်။ သစ်မရှိခင်စပ်ကြား ဝါးပေါင်းကွပ်ရသည့် ကြားကာလကိုနားလည်လက်ခံသည်။ အကွပ်မဲ့ကြမ်းပရမ်းပတာ ဖြစ်သွားမည်ကို စိုးရိမ်သည်။ ထို့ကြောင့်တပ်မတော်အစိုးရ၏ အမျိုးသားရေးရည်မှန်းချက်များကို ပယောဂမဖက်၊ စောဒကမတက်ဘဲ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပေသည်။

တပ်မတော် အစိုးရကလည်း ပြည်သူ့ဆန္ဒကို အလေးထားသည်။ အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ပန်သည်။ တိုင်းပြည်ကို သစ္စာမဖောက်၊ စိတ်ဓာတ်နှင့်စည်းကမ်းကို ကျောထောက်နောက်ခံပြုပြီး နိုင်ငံတော်သစ်ကို ဦးတည်တည်ဆောက်ခဲ့သည်။ နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်နှင့် လူမှုရေးဦးတည်ချက်(၄)ရပ် အတိအလင်းချမှတ်ပြီး မမိုတ်မသုန် ဖော်ဆောင်ခဲ့သည်။ နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်သည် တာထွက်မှန်ကန်၍ လားရာကောင်းခဲ့သည်။ ပြည်တွင်းဆန့်ကျင်ဘက် လှုပ်ရှားသူများကြောင့် လေထန်လှိုင်းသက် ဂယက်ထမှုများ ရှိခဲ့သည့်တိုင် တညီတညွတ်တည်းပင်မရေစီး တငြိမ့်ငြိမ့် စီးဆင်းနိုင်စေခဲ့သည်။

ဖော်ပြပါ အကြောင်းအချက်များ၏ ခိုင်လုံမှုသာစေကို ၂၀၀၈ခုနှစ် မေလဖြစ်ရပ်များက ဆန်းစစ်ဖော်ပြခဲ့သည်။ ထိုမေလသည် မြန်မာတို့၏ နိုင်ငံရေးရေချိန်၊ စီးပွားရေးခိုင်လုံမှုနှင့် လူမှုရေးအားမာန်များကို တစ်ပေါင်းတစ်စည်းတည်း ချိန်စက်ပြနိုင်သည့် ကာလဖြစ်သည်။

တစ်နည်းဆိုရလျှင် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ဦးတည်ချက်များ၏ ဖော်ဆောင်အောင်မြင်မှုကို သက်သေပြခဲ့သည့်ကာလဟု ဆိုရပေမည်။

နိုင်ငံတော်၏ ပထမဆုံး နိုင်ငံရေးဦးတည်ချက်အတိုင်း ရပ်ရွာအေးချမ်းသာယာမှုနှင့် တရားဥပဒေစိုးမိုးမှုများ ရာနှုန်းပြည့်နီးပါး တည်ဆောက်ထိန်းမတ်ထားနိုင်ခဲ့သည်။ အပြန်အလှန် အထောက်အကူပြုသည့် အကျိုးဆက်အဖြစ် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကိုလည်း ရယူမြှင့်တင်နိုင်ခဲ့သည်။ အဆိုပါ အခြေခံအကြောင်းတရား နှစ်ရပ်အပေါ် အခြေတည် ဖော်ဆောင်နိုင်ခဲ့၍လည်း ''ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး'' ဦးတည်ချက်၏ နောက်ဆုံးအဆင့်ဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ၂၀၀၈ခုနှစ် မေလ ၁၀ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပြီး ကြိုတင်စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုအခါသမယတွင် အသွင်ကူးပြောင်းဆဲ၊ ဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းနေရဆဲ နိုင်ငံငယ်တစ်ခုအနေဖြင့် လှေလှော်တုန်း တက်ကျိုးနိုင်သည့် အဖြစ်ဆိုးနှင့် ပက်ပင်းတိုးခဲ့ရသည်။ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းက ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်တောင်ဘက်ပိုင်းနှင့် ရန်ကုန်တိုင်းမှ ဒေသအချို့ကို မကြုံစဖူး ဆိုးရွားပြင်းထန်စွာ တိုက်ခိုက်ချေမွသွားခြင်းပင်ဖြစ်သည်။ ထိုအခြေအနေတွင် နိုင်ငံတော်တည်ဆောက်ရေးဝင်ရိုးသာ မခိုင်မာပါက ခါးရိုးကျိုးပြီး တောင်မင်းမြောက်မင်း မကယ်နိုင်သည့် အနေအထားမျိုးအထိ ကျရောက်သွားမည်မှာ သေချာလှပေသည်။ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကွင်းဆက်များ ဝန်နှင့်အား မျှခြေညီအောင် ခိုင်မာတောင့်တင်းနေ၍သာ ဤကဲ့သို့ လောကဓံကို ကြံ့ကြံ့ခံနိုင်ခဲ့ခြင်းဖြစ်သည်။

ဤအခြေအနေသို့ ဆိုက်ရောက်စဉ်မှာပင် ပြည်သူလူထု၏ နိုင်ငံရေး ရေချိန်က မြင့်မားတည်ငြိမ်လှသည်။ **မြန်မာတို့သည် အမှောင်ခွင်း၍ အလင်းဆောင်လိုသူများ၊ အဟောင်းပျက်လျှင် အသစ်တီထွင်တည်ဆောက်နိုင်သူများ၊ လှေခွက်ချည်းကျန် အလံမလှဲတတ်သူများပီပီ နိုင်ငံရေးအရ အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်ကို အရှိန်အဟုန်မပြတ် ဆက်လက် ဆောင်ရွက်ခဲ့ကြသည်။ သဘာဝဘေးဒဏ်ကြောင့် ပြန်လည်ထူမတ်နေရသည့် မြို့နယ် ၄၇ မြို့နယ်မှအပ ကျန် ၂၇၈မြို့နယ်တွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ နောက်နှစ်ပတ်အကြာ မေလ ၂၄ရက်နေ့တွင် ကျန် ၄၇ မြို့နယ်ကလည်း အမျိုးသားရေးအောင်ပွဲအဖြစ် ပါဝင်ဆင်နွှဲနိုင်ခဲ့သည်။**

ထိုသို့ နိုင်ငံရေးအရ အရှိန်အဟုန်မပျက် ရှေ့တစ်ဆင့်တက်နိုင်ခဲ့ခြင်းသည် စီးပွားရေးအရ ကျောထောက်နောက်ခံ ကောင်းနေ၍ ဖြစ်သည်။ လူမှုရေးအရလည်း တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် ပညာရည်မြင့်မားနေမှုကြောင့် ဖြစ်သည်။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်နေပြီး အမျိုးသားရေးစရိုက်လက္ခဏာများကို မပျောက်ပျက် မတိမ်ကောအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ခြင်း၏ ရလဒ်ဖြစ်ပေသည်။

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ဒေသအချို့ ထိခိုက်သွားခဲ့သည်ဟုဆိုနိုင်သော်လည်း တစ်လမ်းသွားမဟုတ်သော မြန်မာ့စီးပွားရေးက ကျားကန်ပေးထားနိုင်သည်။ မြန်မာ့စီးပွားရေးသည် တစ်ခုပြိုလျှင် အားလုံးလိုက်ပြိုသော စီးပွားရေးစနစ်မျိုး မဟုတ်ပေ။

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ထားသည်။
- ဒေသတစ်ခု၊ နှစ်ခုတည်းကိုသာ မှီခိုအားထားနေရသော စီးပွားရေးဘဝမျိုး မဖြစ်ရအောင် ဒေသစုံ၊ ဘက်စုံစိုက်ပျိုးရေးနှင့် အခြားစီးပွားရေးကဏ္ဍမျိုးစုံကို တစ်ခုနှင့်တစ်ခု အထောက်အကူ အမှီသဟဲပြုနိုင်အောင် ဖော်ဆောင်ထားသည်။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာအောင် ကျင့်သုံးလုပ်ဆောင်နေသည်။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ အတိုင်းအတာတစ်ခုအထိ ဝင်ရောက်ရင်းနှီးမြှုပ်နှံနေသည်။ (ပြည်ပနိုင်ငံအချို့မှ စီးပွားရေး၊ ကုန်သွယ်ရေး ပိတ်ဆို့ဟန့်တားမှုများ ရှိနေသည့်ကြားမှ လုပ်ဆောင်အောင်မြင်နေခြင်းဖြစ်သည်။)
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် တည်ရှိနေပြီဖြစ်သည်။
- ထို့ပြင် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း အထူးတည်ဆောက်ရေးလုပ်ငန်းကြီးများစီမံကိန်း၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုစီမံကိန်း၊ မြို့ပြများ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးမှုစီမံကိန်းများမှာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် နှစ်ရှည်လများ တည်ဆောက်နေသည့် အတွေ့အကြုံများဖြင့် အောင်မြင်နေသကဲ့သို့ ရင်းနှီးမြှုပ်နှံမှု၏ အကျိုးသက်ရောက်မှုကိုလည်း တစ်နိုင်ငံလုံး လက်တွေ့အသုံးချနိုင်လျက်ရှိသည်။

ထို့ကြောင့်လည်း နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ဒေသများ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ မဆိုင်းမတွဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။ ယခုမုန်တိုင်းဒဏ်ခံရသည့် ဒေသအများစုသည် ရှေးခေတ်အဆက်ဆက်က ရေလမ်းခရီးသက်သက်ကိုသာ အမှီပြုအားကိုးခဲ့ရသည့် ဒေသများဖြစ်သည်။ တပ်မတော်အစိုးရလက်ထက်တွင် တစ်နိုင်ငံလုံး အတိုင်းအတာအရ လမ်းတံတားများ လက်ယှက်ထိုးတည်ဆောက်ပေးနိုင်မှု၏ အကျိုးဆက်ကြောင့် ဗိုလ်မြတ်ထွန်းတံတား၊ တွံတေးတံတား၊ ဒေးဒရဲတံတား၊ ဖျာပုံတံတား၊ မအူပင်တံတားနှင့် မြောင်းမြတံတား စသည်တို့မှတစ်ဆင့် ထိုဒေသများသို့ ကုန်းလမ်းခရီးဖြင့် အချိန်မကုန်ဘဲ ဥဒဟို သွားရောက်ကူညီနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

မြန်မာ့သမိုင်း၏ ဖြတ်သန်းခဲ့ရသော အတွေ့အကြုံအရ နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းစဉ်တိုင်းတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းဆောင်ရွက်မှု အစဉ်အလာကောင်းများ ဖြစ်ထွန်းလျက်ရှိသည်။ ယနေ့ အသွင်ကူးပြောင်းရေးကာလသည် နိုင်ငံတည်ဆောက်ရေးကာလလည်းဖြစ်ရာ အဆိုပါ တည်ဆောက်ရေးလုပ်ငန်းခွင်များတွင် ရှိနေဆဲဖြစ်သော ယန္တရားလုပ်အားနှင့် ကျွမ်းကျင်မှုများကို မုန်တိုင်းဒဏ်သင့်ဒေသကယ်ဆယ်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းခွင်များသို့ တစ်စိတ်တစ်ပိုင်း နေရာရွှေ့ပြောင်းစီမံလုပ်ဆောင်ပေးနိုင်ခဲ့သည်။ ပြည်သူလူထုကလည်း အင်တိုက်အားတိုက် ပါဝင်ကူညီကြသည်။ တပ်မတော်ကလည်း ပြည်သူ့အကျိုးပြု လုပ်ငန်းများကို နေရာမရွေး၊ အချိန်မရွေး ထမ်းဆောင်နေသူများ ဖြစ်သည်နှင့်အညီ မုန်တိုင်းဒဏ်သင့်ဒေသများသို့ အစောဆုံးရောက်ရှိ ကယ်ဆယ်စောင့်ရှောက်နိုင်ခဲ့သည်။

ယင်းသို့ လူအားဖြင့်သာမက နိုင်ငံတော်က လုံလောက်သော ဘဏ္ဍာငွေကြေးနှင့် စားနပ်ရိက္ခာများကို အဆက်မပြတ်မချို့မငဲ့ ထောက်ပံ့နိုင်ခဲ့သည်။ ဖွံ့ဖြိုးရေးစီမံကိန်းအသီးသီးမှ တည်ဆောက်ရေးအင်အားစုများကလည်း မုန်တိုင်းဒဏ်သင့်ဒေသများသို့ ကူညီအားဖြည့်တည်ဆောက်ရန် အချိန်မီ ရွှေ့ပြောင်းရောက်ရှိလာကြသည်။ လူမှုရေးအသင်းအဖွဲ့အသီးသီးကလည်း လူသားချင်းစာနာမှုအကူအညီများ စဉ်ဆက်မပြတ်ပေးခဲ့ကြသည်။ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များကလည်း နိုင်ငံနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် လက်မနှေးခဲ့ကြပေ။ အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားပြည်သူများကလည်း မိမိတို့၏ စွမ်းအားရှိသမျှကို ပုံအော၍ ကူညီလှူဒါန်း ဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော်အစိုးရက ပြည်သူလူထုအား ကာကွယ်စောင့်ရှောက်ခြင်း၊ တပ်မတော်က ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းတို့မှာ မြန်မာနိုင်ငံတွင် လုပ်ရိုးလုပ်စဉ်သဖွယ်ဖြစ်နေပြီဟု ဆိုရမည်။ ထို့ထက်ပို၍ မုန်တိုင်းဒဏ်သင့်ဒေသ ပြန်လည်တည်ဆောက်မှုများမှာ အံ့မခန်းဟုဆိုလောက်သည်။ စနစ်ကျသည်။ စည်းကမ်းရှိသည်။ အမြော်အမြင်များစွာ ရှိနေကြောင်း မြင်တွေ့ရုံဖြင့် အကဲဖြတ်နိုင်ပေသည်။

အလွန်အကျိုးများသော ရလဒ်နှစ်ခုမှာ စီးပွားရေးလုပ်ငန်းရှင်များက နိုင်ငံနှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အမျိုးသားကော်ပိုရေးရှင်းကြီးများသဖွယ် ပုံအော၍ကူညီလုပ်ဆောင်လာခြင်းနှင့် ပြည်သူ့အခြေခံ လူထုလူတန်းစားအလွှာပေါင်းစုံကလည်း အရေးကြီးပြီ၊ သွေးစည်းကြစို့ဟု မကြွေးကြော်ဘဲ အိတ်သွန်ဖာမှောက် ပါဝင်ကူညီ လုပ်ဆောင်လာကြခြင်းပင် ဖြစ်သည်။ ယင်းသည် လူမှုရေးအခြေခံအဆောက်အအုံများ ခေတ်စနစ်နှင့်အညီ ကလလရေကြည် သန္ဓေတည်လာရာမှ မွေးဖွားရှင်သန်လာရုံမက လူလားမြောက်စပြုလာသည့် သဘောပင်ဖြစ်သည်။ တစ်နည်းဆိုရသော် လူထုလူတန်းစားအလွှာအားလုံးသည် ပါတီနိုင်ငံရေးဘက်သို့ မတိမ်းညွတ်တော့ဘဲ အမျိုးသားနိုင်ငံရေးဘက်သို့ တူရူပြုကာ တိမ်းညွတ်လာခြင်းဟု သုံးသပ်မိသည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာဖြစ်စဉ်များ၏ ရိုက်ခတ်မှုကြောင့် ၁၉၈၈ ခုနှစ်တွင် ရှော့ခ်ဖြစ်ခဲ့ရသည်။ သို့ရာတွင် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့က တိုင်းပြည်ကို ရှော့ခ်အဖြစ်မခံ၊ အေးချမ်းညင်သာစွာ တရွေ့ရွေ့ကူးပြောင်းမှုဖြစ်စဉ်ဖြင့် အသွင်ကူးပြောင်းခဲ့ကြသည်။ ထို့နောက်ပိုင်းတွင် ပြည်ပနိုင်ငံကြီးအချို့က မြန်မာ့အရေးကို ရှော့ခ်ရိုက်ပြီး အတင်းပြောင်းလဲရန် အားထုတ်လုပ်ဆောင်ခဲ့ကြပြန်သည်။သို့သော် ဤရှော့ခ်ရိုက်သွင်းမှုများကိုလည်း မြန်မာတို့ကြံ့ကြံ့ခံ ကျော်လွှားနိုင်ခဲ့ကြသည်။ ယခုနာဂစ်ဆိုင်ကလုန်းမုန်တိုင်းက မမျှော်လင့်သောထောင့်မှ ရှော့ခ်ဖြစ်အောင် လုပ်လိုက်ပြန်သည်။ သို့သော် ဤသဘာဝဘေးကိုလည်း နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့က အတွေ့အကြုံရင့်ကျက်မှုနှင့် အတွေးအခေါ် ရှင်သန်ထက်မြက်မှုများဖြင့် ညီညာဖြဖြ ကျော်လွှားနိုင်ခဲ့ကြသည်။

ယခုအခါ နိုင်ငံရေးဦးတည်ချက်(၄)ရပ်အနက် စတုတ္ထဦးတည်ချက်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို ဆက်လက်တည်ဆောက်ကြရပေဦးမည်။ တစ်ချိန်တည်းမှာပင် ကျန်နိုင်ငံရေးဦးတည်ချက်(၃)ရပ် ပိုမိုခိုင်မာတောင့်တင်းအောင်လည်း ယှဉ်တွဲ ဆက်စပ်ဖော်ဆောင်ရပေဦးမည်။ ထို့အတူ စီးပွားရေးဦးတည်ချက်(၄)ရပ်နှင့် လူမှုရေးဦးတည်ချက်(၄)ရပ် ပိုမိုပြည့်ဝအောင် မျက်ခြည်ပြတ်မခံဘဲ ဖော်ဆောင်သွားကြရပါဦးမည်။

မြန်မာနိုင်ငံ၏ ယနေ့အခြေအနေမှာ အကောင်းဘက်မှ အပြုသဘောဆောင်နေပြီဖြစ်ရာ ဖန်ခွက်ထဲမှာ ရေတစ်ဝက်ပြည့်နေသည့် အနေအထားဖြစ်သည်။ လိုနေသောရေတစ်ဝက်ကို ထပ်ဖြည့်ရန်အတွက် ဥစ္စာရင်လို ဥစ္စာရင်ခဲ ဆက်လက်ကြိုးပမ်းရမည်မှာ ကျွန်တော်တို့အားလုံး၏ တာဝန်ပင်။ ရေတစ်ဝက်ထပ်ဖြည့်နိုင်သည့် စိတ်ဓာတ်၊ ဉာဏ်ပညာ၊စေတနာနှင့် စွမ်းပကားအရင်းအမြစ်များကိုလည်း တည်ဆောက်ရရှိထားပြီးဖြစ်သည်ကို လက်တွေ့ဖြစ်စဉ်ဖြစ်ရပ်များက သက်သေပြနေကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။ ။

နိုင်ငံတော်အစိုးရက ပြည်သူလူထုအား ကာကွယ်စောင့်ရှောက်ခြင်း၊ တပ်မတော်က ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းတို့မှာ မြန်မာနိုင်ငံတွင် လုပ်ရိုးလုပ်စဉ်သဖွယ်ဖြစ်နေပြီဟု ဆိုရမည်။ ထို့ထက်ပို၍ မုန်တိုင်းဒဏ်သင့်ဒေသ ပြန်လည်တည်ဆောက်မှုများမှာ အံ့မခန်းဟု ဆိုလောက်သည်။ စနစ်ကျသည်။ စည်းကမ်းရှိသည်။ အမြော်အမြင်များစွာ ရှိနေကြောင်း မြင်တွေ့ရုံဖြင့် အကဲဖြတ်နိုင်ပေသည်။

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

မန်ယူအသင်းအပေါ် နောက်ခံလူဖာဒီနန်၏ အမြင်

မောင်မောင်မြင့်ဆွေ ရေးသားသည် ‖ စာမျက်နှာပွဲစည်းမှု-ဉာဏ်ဟိန်းစိုး

လန်ဒန် ဩဂုတ် ၃၀

၂၀၀၈-၂၀၀၉ ပရီမီယာလိဂ် ဘောလုံးပွဲစဉ်တွေ စတင်ယှဉ်ပြိုင်နေပြီဖြစ်လို့ စိန်ခေါ်မှုတွေ ပြင်းထန်လာတဲ့ ဒီနှစ် ပရီမီယာလိဂ် ပြိုင်ပွဲဟာ စိတ်ဝင်စားစရာ ကောင်းနေပါတယ်။ ထုံးစံအတိုင်း အထနေးတတ်တဲ့ ထိပ်ဆင့်ချန်ပီယံ မန်ယူတို့အတွက် လက်ရှိချန်ပီယံဆုကို ကာကွယ်ဖို့ ခက်ခက်ခဲခဲ ဖြတ်သန်းရမယ့် အနေအထားရှိနေပါတယ်။

“ဘာဘာတော့ဗ် ရောက်လာရင် မန်ယူတိုက်စစ် အပုံစား ဖြစ်သွားမှာပါ”

ရီယိုဖာဒီနန်

ထုတ်ဖော်ပြောကြား

မန်ယူအသင်းရဲ့ နောက်တန်းဗဟိုခံစစ်မှူး ဖာဒီနန်ကတော့ ဒီနှစ်ပရီမီယာလိဂ်အခြေအနေနဲ့ လက်ရှိမန်ယူအသင်း အနေအထားကို အင်တာဗျူးတစ်ခုမှာ အခုလိုထုတ်ဖော်ပြောကြားသွားပါတယ်။

ယူဆ

“မန်ယူဟာ ပရီမီယာလိဂ်ဖလားကို ထပ်ဆင့်ရရှိထားတဲ့အပြင် ချန်ပီယံလိဂ်ဖလားလည်း ရယူထားတာမို့ ပြိုင်ပွဲနှစ်ရပ်စလုံးမှာ အားသွန်ကြိုးစားရမယ့် အနေအထားပါပဲ။ အထူးသဖြင့် ပရီမီယာလိဂ်မှာ ဒီနှစ်ပိုပြီး ပြိုင်ဆိုင်မှုတွေ ပြင်းထန်မယ်လို့ ယူဆပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပရီမီယာလိဂ်အသင်းတိုင်းဟာ ပြင်ဆင်မှုတွေ အများကြီးပြုလုပ်ထားတာ ကျွန်တော်တို့ မြင်တွေ့နေရလို့ပါပဲ” လို့ ဖာဒီနန်က ပြောကြားပါတယ်။

ကြုံတွေ့

အဲဒီလို အပြိုင်အဆိုင်ပြင်ဆင်မှုတွေ ပြုလုပ်ထားကြတဲ့အထဲမှာ အဓိကစိန်ခေါ်နိုင်စွမ်းရှိတဲ့အသင်းတွေနဲ့ ပတ်သက်ပြီးလည်း ဖာဒီနန်က **“ချယ်လ်ဆီး၊ လီဗာပူးနဲ့ အာဆင်နယ်တို့အပြင် ကျန်အသင်း ငါးသင်းလောက်ကလည်း ကျွန်တော်တို့ကို စိန်ခေါ်နိုင်တဲ့အထိ ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ မန်ယူဟာ အခုအချိန်မှာ အောင်မြင်မှုတွေရရှိထားလို့ စိန်ခေါ်မှုတွေနဲ့ ကြုံတွေ့ရမှာကို နည်းပြဖာဂူဆန်လည်း ကောင်းကောင်းသိထားတာမို့ သူ့မှာ ကြိုတင်စီမံမှုတွေ အများကြီးပြုလုပ်ထားပါတယ်။ ချယ်လ်ဆီးဆိုရင် လူအင်အားအသစ် ဖြည့်ဆည်းမှုတွေကြောင့် တောင့်တင်းနေသလို လီဗာပူးတို့ကလည်း အိမ်ကွင်းမှာ သူတို့ဆီက အမှတ်တစ်မှတ်ရဖို့ အတော်လေး ကြိုးစားယူရမယ့် အနေအထားပါပဲ။ အာဆင်နယ်ဆိုရင် အတွေ့အကြုံနဲ့ ခြေစွမ်းတိုးတက်နေတဲ့ လူငယ်တွေအများကြီး ရှိနေပါတယ်”** လို့ ဖာဒီနန်က ပြောကြားပါတယ်။

ဟန့်တား

ဒါ့အပြင် ပရီမီယာလိဂ်ရဲ့ တိုက်စစ်မှူးတွေအပေါ် ခံစစ်မှူးတစ်ဦးရဲ့အမြင်ကိုလည်း ဖာဒီနန်က **“အာဆင်နယ် တိုက်စစ်မှူး အဒီဘာယောဟာ အပြေးလည်းသန်သလို တချို့ဂိုးသွင်းမှု တွေက ဟန့်တားဖို့ ခက်ခဲပါတယ်။ ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာဆိုရင်လည်း ဂိုးဧရိယာအတွင်းမှာ ထိန်းချုပ်ရ အလွန်ခက်ခဲတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ လီဗာပူးတိုက်စစ်မှူး တောရက်စ်က မြန်တော့ ကျွန်တော်တို့ အတော်လေးဂရုစိုက် ဟန့်တားရ ပါတယ်။ သူတို့တွေဟာ ကျွန်တော်တို့အတွက်တော့ သတိထား ကစားရတဲ့ တိုက်စစ်မှူးတွေဖြစ်ပါတယ်”** လို့ ဖာဒီနန်က ပြောကြားပါတယ်။

ပြင်ဆင်လေ့ကျင့်

မန်ယူအသင်းရဲ့ လက်ရှိအနေအထားအပေါ် သူ့ရဲ့အမြင်ကို ပြောကြားတဲ့အခါမှာလည်း **“မန်ယူအသင်းမှာ မနှစ်က အောင်မြင်မှုတွေ ရရှိအောင် စွမ်းဆောင်ပေးခဲ့တဲ့ ကစားသမားတွေ ရှိနေဆဲပါပဲ။ ဒီစွမ်းအားစုက အခုထိ စုစည်းမှုအားကောင်းနေဆဲပါ။ အားလုံးကလည်း ဒီအောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းဖို့ ဆန္ဒပြင်းပြနေပါတယ်။ နည်းပြဖာဂူဆန်ကလည်း မန်ယူဟာ အောင်မြင်မှု ဆက်တိုက်ရယူနိုင်ဖို့အတွက် ကစားသမားတွေကို အမြဲတမ်း ပြင်ဆင်လေ့ကျင့်ပေးနေသူ တစ်ဦးပါပဲ။ ဒါ့အပြင် သူဟာ အောင်မြင်မှုကို အမြဲတမ်း ဆာလောင်နေတတ်သူဖြစ်တာမို့ ဒီနှစ်မှာ မန်ယူအသင်း ဘယ်လိုဖြတ်သန်းရမယ်ဆိုတာ သိနေသလို လုပ်သင့်လုပ်ထိုက်တာတွေ လုပ်နေပါပြီ”** လို့လည်း ပြောကြားပါတယ်။

ဒါ့အပြင် အခုတလော စပါးတိုက်စစ်မှူး ဘာဘာတော့ဗ် မန်ယူအသင်းသို့ ပြောင်းရွှေ့မယ့် သတင်းတွေအပေါ်မှာလည်း **“ဘာဘာတော့ဗ်ဟာ ထိပ်တန်းတိုက်စစ်မှူးတစ်ဦးပါပဲ။ သူ့လို တိုက်စစ်မှူးကို နည်းပြတိုင်း လိုချင်နေကြတာ မဆန်းပါဘူး။ ဘာဘာတော့ဗ်လို တိုက်စစ်မှူး မန်ယူရောက်လာခဲ့ရင်တော့ မန်ယူရဲ့ တိုက်စစ်ဟာ အပုံစားဖြစ်သွားမှာပါ”** လို့ ဖာဒီနန်က ပြောကြားသွားပါကြောင်း။ ။

(အင်တာနက်)

ပိုလန်ဘောလုံးကြယ်ပွင့်ဆမိုလာရက်ခ် ဘော်လ်တန်အသင်းနှင့် အငှားစာချုပ်

လန်ဒန် ဩဂုတ် ၃၀

ဘော်လ်တန်အသင်းသည် စပိန်ကလပ်ရေဆင်းမှ ပိုလန်တိုက်စစ်မှူး အီဘီဆမိုလာရက်ခ်အား တစ်နှစ်အငှားစာချုပ်ဖြင့် ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။

ယင်းစာချုပ်တွင် အသက် ၂၇နှစ်ရှိ ဒေါ့မွန် ဗီယင်နတိုက်စစ်မှူးဟောင်း ဆမိုလာရက်ခ်အနေဖြင့် ဘော်လ်တန်အသင်းတွင် ခြေစွမ်းပြနိုင်ပါက အမြဲတမ်းကစားသမားအဖြစ် ဝယ်ယူမည်ဆိုသည့် သဘောတူညီချက်တစ်ရပ် ပါရှိသည်။

လူလားမြောက်လာသူ

ဆမိုလာရက်ခ်သည် ၁၉၈၂ကမ္ဘာ့ဖလားတွင် ကျော်ကြားခဲ့သူ ပိုလန်ဘောလုံးကြယ်ပွင့် ဝေါ့ဒ်ဇီမီယက်ဇ်နေထိုင်ရာ နယ်သာလန်နိုင်ငံတွင် ဖခင်၏နည်းပြသင်ကြားပေးမှုဖြင့် လူလားမြောက်လာသူဖြစ်သည်။ ဆမိုလာရက်ခ်သည် ၂၀၀၅၊ ၂၀၀၆နှင့် ၂၀၀၇ခုနှစ်များတွင် ပိုလန်နိုင်ငံ၏ အကောင်းဆုံးဘောလုံးသမားအဖြစ် သုံးကြိမ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့သည့် တစ်ဦးတည်းသော ဘောလုံးသမားဖြစ်သည်။

(အင်တာနက်)

မန်ယူတိုက်စစ်မှူး ဆာဟာ အဲဗာတန်သို့ ပြောင်းရွှေ့မည်

လန်ဒန် ဩဂုတ် ၃၀

မန်ယူတိုက်စစ်မှူး ဆာဟာသည် ဆေးစစ်ခံယူမှု ပြီးဆုံးသွားပါက ထုတ်ဖော်မကြေညာသော ပြောင်းရွှေ့ကြေးဖြင့် အဲဗာတန်အသင်းသို့ ပြောင်းရွှေ့မည်ဟု သတင်းတွင် ဖော်ပြသည်။

ခေါ်ယူ

အသက် ၃၀ရှိ ဆာဟာသည် ဂျာကော့ဘ်ဆင်နှင့် ဆီဂန်ဒိုကက်စတီလို ပြီးလျှင် အဲဗာတန်၏ တတိယမြောက် စာချုပ် ခေါ်ယူသူဖြစ်လာမည်ဟု ဆိုသည်။

ဆာဟာသည် အဲဗာတန်နှင့် နှစ်နှစ်စာချုပ်ချုပ်ဆိုလိမ့်မည်ဖြစ်ပြီး ယင်းနှစ်နှစ်ပြည့်သွားပါက တစ်နှစ်စာချုပ် ထပ်မံစာချုပ်ချုပ်ဆိုခွင့် ရှိမည်ဖြစ်သည်။ **(အင်တာနက်)**

စပါးနှင့်ဇင်းနစ်ဆွေးနွေးမှုပျက်ပြယ် အာရှာဗင် အသင်းတွင်ဆက်ရှိနေမည်

လန်ဒန် ဩဂုတ် ၃၀

စပါးနှင့် ဇင်းနစ်တို့အသင်းနှစ်သင်း ပြောင်းရွှေ့ကြေးနှင့် ပတ်သက်ပြီး သဘောတူညီမှုမရသဖြင့် ဇင်းနစ်တိုက်စစ်မှူး အာရှာဗင်၏စပါးအသင်းသို့ ပြောင်းရွှေ့ရေးမှာ ပျက်ပြယ်သွားပြီဖြစ်ကြောင်း ဇင်းနစ်နည်းပြ ဒစ်ခ်အက်ဗိုကက်က ထုတ်ဖော်ပြောကြားခဲ့သည်။

အနိုင်ရရှိ

ပြင်သစ်နိုင်ငံ မိုနာကိုမြို့တွင် ဩဂုတ် ၂၉ရက်က ဇင်းနစ်က မန်ယူကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသော ယူအီးအက်ဖ်အေစူပါဖလားလုပွဲ၌ အသက် ၂၇ နှစ်ရှိ အာရှာဗင်အား အရန်လူအဖြစ်ထားရှိခဲ့သည်။

ဖော်ပြ

အာရှာဗင်သည် စပါးသို့ရောက်ရှိ လုနီးပါးဖြစ်ခဲ့သော်လည်း ဆွေးနွေးမှု မအောင်မြင်ဘဲ အပြောင်းအရွှေ့ရာသီ ပိတ်ခဲ့သကဲ့သို့ စာချုပ်ချုပ်ဆိုရေးလည်း ပျက်ပြယ်ခဲ့ရသည်ဟု သတင်းတွင်ဖော်ပြသည်။ (အင်တာနက်)

ဆန်းဒါးလန်းကွင်းလယ်ကစားသမား အီတူဟူအား ဖူလ်ဟမ်အသင်းက ခေါ်ယူစာချုပ်ပြီ

လန်ဒန် ဩဂုတ် ၃၀

ဖူလ်ဟမ်အသင်းသည် ဆန်းဒါးလန်းကွင်းလယ်ကစားသမား ဒစ်ခ်ဆင်အီတူဟူအား ထုတ်ဖော်ကြေညာခြင်းမရှိသော ပြောင်းရွှေ့ကြေးဖြင့် သုံးနှစ်စာချုပ်ချုပ်ဆို ခေါ်ယူလိုက်ပြီဖြစ်သည်။

ပါဝင်ကစား

အသက် ၂၆နှစ်ရှိ နိုင်ဂျီးရီးယားလက်ရွေးစင် အီတူဟူသည် ၂၀၀၇နွေရာသီတွင် နော့ဝစ်ချ်စီးတီးမှ ဆန်းဒါးလန်းသို့ ရောက်လာကတည်းက အသင်းအတွက် ပွဲပေါင်း ၂၀ ပါဝင်ကစားခဲ့သူ ဖြစ်သည်။

အီတူဟူသည် ၎င်း၏ဆုကြေးစားဘောလုံးသမားဘဝကို မန်စီးတီးအသင်း၌ စတင်ခဲ့ပြီး ၂၀၀၂ခုနှစ်တွင် ပရက်စတန်အသင်းနှင့်စာချုပ်ခဲ့သည်။ ထို့နောက် အီတူဟူသည် ၂၀၀၆ခုနှစ်၌ နော့ဝစ်ချ်အသင်းနှင့် စာချုပ်ခဲ့သည်။

(အင်တာနက်)

မန်ယူမှကင်းဘဲလ်အား ဟူးအသင်းကခေါ်ယူရန် ကမ်းလှမ်း

လန်ဒန် ဩဂုတ် ၃၀

ဟူးအသင်းဥက္ကဋ္ဌ ပေါလ်ဒပ်ဖင်သည် မန်ယူမှ ဖရာဇီယာကင်းဘဲလ်အား ပြောင်းရွှေ့ကြေးပေါင် ခုနစ်သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းကြောင်း သိရသည်။

အသက်၂၀ရှိ ကင်းဘဲလ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက ဟူးအသင်းတွင် အငှားစာချုပ်ဖြင့် ခုနစ်လတာ သွားရောက်ကစားခဲ့ပြီး ယင်းအသင်းအတွက် ၁၅ဂိုး သွင်းယူခဲ့ကာ ပရီမီယာလိဂ်သို့ တန်းတက်နိုင်ရန် စွမ်းဆောင်ပေးခဲ့သည်။

ထုတ်ဖော်ပြောကြား

ဟူးစီးတီးဥက္ကဋ္ဌ ဖီးလ်ဘရောင်းသည် ယခင်ကတည်းက ကင်းဘဲလ်အား အမြဲတမ်း စာချုပ်ခေါ်ယူလိုသော ၎င်း၏ ဆန္ဒကို ထုတ်ဖော်ပြောကြားခဲ့သည်။

(အင်တာနက်)

နယူးကာဆယ် တောင်ပံကစားသမား မီလာ အက်စတွန်ဗီလာအသင်းနှင့် အပြီးသတ် စာချုပ်

လန်ဒန် ဩဂုတ် ၃၀

အက်စတွန်ဗီလာအသင်းသည် နယူးကာဆယ် တောင်ပံကစားသမား ဂျိမ်းစ်မီလာအား ပေါင်၁၂သန်းဖြင့် ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။

ကစားခဲ့



အသက်၂၂နှစ်ရှိ မီလာသည် ၂၀၀၅-၂၀၀၆ ဘောလုံးရာသီတွင် အက်စတွန်ဗီလာသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ဖူးသူ ဖြစ်သည်။ မီလာသည် ဗီလာနှင့် လေးနှစ်စာချုပ် ချုပ်ဆိုခဲ့ပြီး ယခုနွေရာသီတွင် မာတင်အိုနေးလ်၏ ရှစ်ယောက်မြောက် စာချုပ်ချုပ်ဆိုရန် ခေါ်ယူသည့် ကစားသမား ဖြစ်လာသည်။

အင်္ဂလန် ၂၁နှစ်အောက် လူငယ်လက်ရွေးစင် မီလာသည် ပြီးခဲ့သည့်နွေရာသီက နယူးကာဆယ်နှင့် လေးနှစ်စာချုပ်ချုပ်ဆိုခဲ့သည်။ သို့သော်လည်း ၎င်းသည် ပြီးခဲ့သည့် သီတင်းပတ်က စာချုပ်သက်တမ်း ပြည့်ခဲ့ပြီဖြစ်သည်။ **(အင်တာနက်)**

စပါးကွင်းလယ်ကစားသမား ဇိုကိုရာ အသင်းနှင့် စာချုပ်သစ် ထပ်မံချုပ်ဆို

လန်ဒန် ဩဂုတ် ၃၀

စပါးကွင်းလယ်ကစားသမား ဒီဒီယာ ဇိုကိုရာသည် ၎င်းအသင်းနှင့် လေးနှစ်စာချုပ် ထပ်မံချုပ်ဆိုလိုက်ပြီဖြစ်သည်။

ပါဝင်ကစား

ယင်းစာချုပ်အရ စပါးအသင်းတွင် ပြီးခဲ့သော ဘောလုံးရာသီက ၄၃ပွဲ ပါဝင်ကစားခဲ့သူအိုင်ဗရီကို့စ်ဘောလုံးကြယ်ပွင့် ဇိုကိုရာသည်၂၀၁၂ခုနှစ်အထိ စပါးအသင်းတွင် ဆက်ရှိနေမည် ဖြစ်သည်။

ဇိုကိုရာသည် ၂၀၀၆ခုနှစ် ဇူလိုင်လက ပြင်သစ်ကလပ် စိန့်အယ်တီနီအသင်းမှ စပါးသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး ယင်းကာလမတိုင်မီက ဘယ်လ်ဂျီယံကလပ် အာရ်စီဂျင့်စ်နှင့်အတူ ပြည်တွင်းအမှတ်ပေးချန်ပီယံဆုကို ရရှိအောင် စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။

အသက် ၂၇နှစ်ရှိ ဇိုကိုရာသည် အာဆင်နယ်မှ ကိုလိုတိုရေး၊ အီမန်နျူယယ်အီဘူး၊ ချယ်လ်ဆီးအသင်းမှ ဆော်လမွန်ကာလူးတို့ကဲ့သို့ပင် အာဖရိက ဘောလုံးအကယ်ဒမီအဆက်ခ်မီမိုဆက် ကျောင်းထွက်တစ်ဦးဖြစ်သည်။

(အင်တာနက်)

ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံဟောင်းဆုရှင် ဒီလာဟိုယာ လိုက်ဝိတ်ချန်ပီယံပက်ကွီယာအိုနှင့် ယှဉ်ပြိုင်ထိုးသတ်မည်

လန်ဒန် ဩဂုတ် ၃၀

ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဟောင်းဆုရှင် အော်စကာဒီလာဟိုယာသည် အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်မြို့၌ လာမည့် ဒီဇင်ဘာလ ၆ရက်တွင် အလွတ်စိန်ခေါ်ပွဲအဖြစ် ဒဗလျူဘီစီ လိုက်ဝိတ်ချန်ပီယံ မန်နီပက်ကွီယာအိုနှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

စိန်ခေါ်

အဆိုပါပွဲကို ၎င်း၏နောက်ဆုံး ထိုးသတ်မည့်ပွဲစဉ်ဟု ပြောကြားရန် ငြင်းဆိုခဲ့သူ အသက် ၃၅နှစ်ရှိ ဒီလာဟိုယာ၏ လက်ဝှေ့ အလွတ်စိန်ခေါ်ယှဉ်ပြိုင် ထိုးသတ်ပွဲကို အမ်ဂျီအမ်းဂရင်း အားကစားရုံကြီးတွင် ပြုလုပ်မည်ဖြစ်သည်။

ပွဲပျက်

ဒီလာဟိုယာသည် တစ်နိုင်ငံတည်းသား မေဝဲသားနှင့် စက်တင်ဘာ၂၀ရက်တွင် ယှဉ်ပြိုင်ထိုးသတ်ရန် စီစဉ်ထားသော်လည်း သူ၏ပြိုင်ဘက်သည် ယခုနှစ်

ဇွန်လက လက်ဝှေ့လောကမှ အနားယူတော့မည်ဖြစ်ကြောင်း ကြေညာခဲ့သဖြင့် ပွဲပျက်သွားခဲ့ရသည်။ (အင်တာနက်)

ချစ်စိုးနိုင် စုစည်းတင်ပြသည်

ရေကြည်မြို့နယ် တစ်မိုးနှစ်သီး ပထမစပါးရိတ်သိမ်း ဒုတိယစပါး ရတနာအောင်စိုက်ပျိုး တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၃၀

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေသည် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စန်း၊ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသူရတင်လှနှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၃ရက် နံနက် ၇နာရီခွဲက ဟင်္သာတတက္ကသိုလ်သို့ရောက်ရှိရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေအား ရွှေဟင်္သာခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာဦးဝင်းက တက္ကသိုလ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ တက္ကသိုလ်မှ သုတေသနလုပ်ငန်း ဆောင်ရွက်မှု ပိုစတာနှင့် လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ ကြည့်ရှုအားပေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဟင်္သာတ နည်းပညာတက္ကသိုလ်သို့ရောက်ရှိပြီး တိုင်းမှူးအား နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဝင်းထိုက်အောင်က သင်ကြားသင်ယူမှုဆိုင်ရာများကိုလည်းကောင်း၊ System Engineering Co.,Ltd.မှ အင်ဂျင်နီယာချုပ် ဦးစန်းဝင်းက နည်းပညာတက္ကသိုလ်(ဟင်္သာတ) သုံးထပ်ပင်မဆောင် အဆောက်အအုံသစ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

အထောင်ဆေးရုံ

၄င်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေ၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ဝင်းဝင်းမော်နှင့်အဖွဲ့ဝင်များသည် ကျုံပျော်မြို့နယ် အထောင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးဆေးရုံသို့ရောက်ရှိပြီး ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းများအား ကြည့်ရှုစစ်ဆေး၍ တက်ရောက်ကုသမှုခံယူနေသော လူနာများအား ထောက်ပံ့ငွေများပေးအပ်သည်။

မြေပြုပြင်မှု

၄င်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေသည် ရေကြည်မြို့နယ် ကိုင်းချောင်းကျေးရွာအုပ်စု ကွင်းအမှတ်(၄၄၈)ဘီ၊ ဦးပိုင်အမှတ်-၂၉၊ တောင်သူဦးအုန်းမောင်၏ တစ်မိုးနှစ်သီး ပထမစပါး၊ ရတနာအောင် စပါးမျိုးအား တောင်သူများစုပေါင်း၍ ရိတ်သိမ်း၊ ထွန်ယက်မြေပြင်နေမှု ဒုတိယစပါး ရတနာအောင်စိုက်ပျိုးနေမှု၊ ရိတ်သိမ်းပြီး စပါးအား Bio Mass Gasifer အသုံးပြု အင်ဂျင်ဖြင့် ခြွေလှေ့နေမှုကို ကြည့်ရှုစစ်ဆေးရာ **(အပေါ်ဝဲပုံ)** တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားကြောင်း သိရသည်။ **(သတင်းစဉ်)**

ပန်းကန်နှင့်ကြွေပြားစက်ရုံ (သာယာဝတီ) အကြီးစားပြုပြင်ရန် စာချုပ်ချုပ်ဆို

နေပြည်တော် ဩဂုတ် ၃၀

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong Boshan Pump Science and Technology Co.,Ltd.တို့ ပန်းကန်နှင့် ကြွေပြားစက်ရုံ (သာယာဝတီ) အကြီးစားပြုပြင်မွမ်းမံရန် စာချုပ်ချုပ်ဆိုပွဲကို ဩဂုတ် ၂၇ရက် နံနက် ၇နာရီက နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ Shandong Boshan Pump Science and Technology Co.,Ltd.မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုးလဲလှယ်

စာချုပ်ချုပ်ဆိုပွဲတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီနှင့် Shandong Boshan Pump Science and Technology Co.,Ltd.မှ Vice President Mr.Wang Yue Bo တို့က စာချုပ်တွင်လက်မှတ်ရေးထိုးလဲလှယ်ကြပြီး **(အောက်ပုံ)** Mr.Wang Yue Boက ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လင်းခေးခရိုင် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကျင်းပ တိုင်းမှူးဗိုလ်မှူးချုပ်ရာပြည့် တက်ရောက်ဆုချီးမြှင့်ပေး

လင်းခေး ဩဂုတ် ၃၀

၂၀၀၈ခုနှစ်လင်းခေးခရိုင် ကောက်စိုက် စွမ်းရည်ပြိုင်ပွဲကို ဩဂုတ် ၁၈ရက် ညနေ ၃နာရီက လင်းခေးမြို့နယ် ပုန်းထွန်ကျေးရွာနေ လယ်စိုက်တောင်သူ ဦးစိုင်းနိ၏ လယ်ကွက် ဧက (၃)မြေနေရာတွင် ကျင်းပသည်။

ကြည့်ရှုအားပေး

အခမ်းအနားသို့ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အသင်းအလုပ်အမှုဆောင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ရှင်းလင်းတင်ပြ

ပြိုင်ပွဲမစတင်မီလင်းခေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းမြင့်အောင်က ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြပြီး ခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးဌေးညွန့်က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းနှင့် အမှတ်ပေးစည်းမျဉ်းအား ရှင်းလင်းတင်ပြသည်။

ကောက်စိုက်စွမ်းရည်ပြိုင်

ဆက်လက်၍ ပြိုင်ပွဲစတင်ကျင်းပရာ လင်းခေးခရိုင်အတွင်းရှိ မြို့နယ်ကောက်စိုက် လုံမေအသင်းခြောက်သင်း၏ တပျော်တပါးကောက်စိုက်စွမ်းရည် ပြိုင်ပွဲဝင်နေမှုကို တိုင်းမှူးနှင့်အဖွဲ့သည် ပြိုင်ပွဲအတွင်း လှည့်လည်ကြည့်ရှုအားပေး ကြပြီး လင်းခေးခရိုင်မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမှ (အီးအမ်ဘိုကာရှီ)သဘာဝ မြေဆွေးပြုလုပ်သုံးစွဲနည်း လက်တွေ့သရုပ်ပြပွဲနှင့် ပညာပေး ရုပ်ပုံကားချပ်များနှင့် ရှင်းလင်းတင်ပြနေမှုတို့ကို ဆက်လက်ကြည့်ရှုအားပေး ခဲ့ကြသည်။

ဆက်လက်၍တိုင်းမှူးနှင့်အဖွဲ့သည် ကောက်စိုက်ပြိုင်ပွဲတွင်ဆုရရှိသည့် ကောက်စိုက်အသင်းများအား ဆုများချီးမြှင့်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်**(အပေါ်ပုံ)**က ပထမဆုရရှိသည့် မိုင်းပန်မြို့နယ်အသင်းအား ငွေဖလားဆုနှင့်ငွေသားဆုကိုလည်းကောင်း၊ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်တင်မောင်ဝင်းက ဒုတိယဆုရ မိုးနဲမြို့နယ်အသင်းအားလည်းကောင်း၊ ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးညွန့်ဝင်းက တတိယဆုရ လင်းခေးမြို့နယ်အသင်းနှင့် နှစ်သိမ့်ဆုရရှိသည့် အသင်းများအားလည်းကောင်း ချီးမြှင့်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ပေကျင်း ပါရာလံပစ် မသန်စွမ်းအားကစားပြိုင်ပွဲ မြန်မာ မသန်စွမ်းအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဩဂုတ် ၃၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပမည့် ၂၀၀၈ခုနှစ် ပေကျင်း ပါရာလံပစ် မသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ မသန်စွမ်းအားကစားအဖွဲ့အား တွေ့ဆုံမှာကြားခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲ၂နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ဝင်း အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်အား မြန်မာ မသန်စွမ်း အားကစားအဖွဲ့ဝင်များနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။ ထို့နောက် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဌေးနိုင်က ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားပြီး အားကစားအဖွဲ့ဝင်များအား တစ်ဦးချင်းနှုတ်ဆက်သည်။

အားပေးချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ယမန်နေ့ ညနေ ၃နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည့် (၃၉) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စတုတ္ထအကြိမ် အသက်(၁၈)နှစ်အောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။ **(မြန်မာ့အလင်း)**

အမှာစကားပြောကြား

တောင်ဥက္ကလာပမြို့နယ် ၅ ရပ်ကွက် ဗြဟ္မစိုရ်ရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ ၂၀၀၇-၂၀၀၈ အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၂၇ ရက်က အသင်းရုံး ခန်းမ၌ ကျင်းပရာ သဘာပတိအသင်း ဥက္ကဋ္ဌ တေးသံရှင်ကျောင်းကုန်းစိုးမြင့် အဖွင့်အမှာစကားပြောကြားစဉ်။ (၁၀၀)

သွေးလွှန်တုပ်ကွေးကြိုတင်ကာကွယ် ရွှေကူမြို့၌ ခြင်ဆေးဖျန်းခြင်းဆောင်ရွက်

ရွှေကူ ဩဂုတ် ၃၀

မိုးရာသီ သွေးလွှန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရွှေကူမြို့ အထက(၁)ကျောင်းနှင့် အထက(၂)ကျောင်းများတွင် အဖွဲ့ပိုင်ခြင်ဆေးဖျန်းစက်ဖြင့် ခြင်ဆေးဖျန်းခြင်းလုပ်ဆောင်နေမှုကို ဇူလိုင် ၂၉ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးသန်းနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဝင်းကျော်ကျော်တို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဟောပြော

ပုသိမ်တက္ကသိုလ် နှစ်(၅၀)ပြည့် အထိမ်းအမှတ် သမိုင်းဌာနနှင့် အောင်စည်းစိမ် ကျောက်မျက်ကုမ္ပဏီတို့ ပူးပေါင်းကျင်းပသော ကျေးဇူးကြီးလှမိနှင့်ဖတို့၏ မေတ္တာဂုဏ်ရည် ပူဇော်ဟောပြောပွဲကို ဩဂုတ် ၂၇ရက်က ပုသိမ်တက္ကသိုလ် ကန်သာယာခန်းမ၌ ကျင်းပရာ အမျိုးသား စာပေဆုရှင် စာရေးဆရာ ဆရာကြီး မင်းယုဝေက မိဘဂုဏ်ရည်နှင့် ပတ်သက်၍ ဟောပြောစဉ်။

(ပညာရေး)

B.L.M Academy
Korean Language Training Centre

E.P.S စနစ်ဖြင့် တောင်ကိုရီးယားနိုင်ငံသို့သွားမည့်သူများအတွက် K.L.T မေးခွန်း(၂၀၀၀)နှင့် K.L.T အထူးမွမ်းမံသင်တန်းများကို K.L.T စာမေးပွဲ ငါးပတ်အနီးကပ်သင်တန်းသစ်များ ၁၁-၉-၂၀၀၈ရက်တွင် စတင်ဖွင့်လှစ်ပါမည်။

အနီးကပ်အထူးသင်တန်းများအတွက် သင်တန်းကြေးများကို သင့်လျော်သော နှုန်းထားများဖြင့် ဆောင်ရွက်ပေးနေပါသည်။

မေးခွန်း(၂၀၀၀)သင်တန်း၊ (တစ်ပတ်ငါးရက် ဆက်တိုက်သင်တန်း)
အထူးမွမ်းမံသင်တန်း၊ တစ်ပတ်သုံးရက်သင်တန်း
(K.L.T မေးခွန်းများ အပတ်စဉ်စာမေးပွဲများ လေ့ကျင့်ဖြေဆိုနိုင်မည်)
(လူဦးရေကန့်သတ်ထားပါသဖြင့် အမြန်စာရင်းပေးသွင်းပါရန်)

B.L.M Academy အမှတ်(၁/၆)၊ (ဒုတိယထပ်)၊ စံပယ်လမ်း၊ ယုဇနပလာဇာ အနောက်ဘက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၉၉၂၇၄၊ ၀၉-၅၁-၄၆၈၂၃၊ ၀၉-၅၁-၃၁၇၄၀။



August မွေးနေ့ရှင်သို့ မွေးနေ့ဆုတောင်းလွှာ

နန်းလင်းလင်းခိုင် (Director-Sein Wut Hmon Co., Ltd.)၏ ၃၁-၈-၂၀၀၈ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကျန်းမာပျော်ရွှင်၍ အစစအရာရာ ပြည့်စုံအောင်မြင်သော ဘ၀ကို ထာ၀ရပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

စိန်၀တ်မှုန်ကုမ္ပဏီလီမိတက် ရန်ကုန်(ရုံးချုပ်)နှင့်
အောက်မြန်မာပြည်(ရုံးခွဲများ)မှ
၀န်ထမ်းများ။

ဇီ၀ မျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာ၀ တောတွေ ထိန်းသိမ်းစို့

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Duty Free Shop တွင် တာ၀န်ထမ်းဆောင်ရန် ၀န်ထမ်းများအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)
(လစာကောင်းပေးမည်)

၁။ **တာ၀န်ခံမန်နေဂျာ** ကျား/မ(၂) ဦး
ဘွဲ့ရဖြစ်ရမည်။စီမံခန့်ခွဲမှု အတွေ့အကြုံ အနည်းဆုံး (၅)နှစ်ရှိရမည်။
ကွန်ပျူတာကျွမ်းကျင်ရမည်။ အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြောနိုင်ရမည်။
MBA,DMA ရသူများ ဦးစားပေးမည်။

၂။ **စာရင်းကိုင်** မ(၁) ဦး
CPA(သို့မဟုတ်)B.Com,LCCI Lavel (III)
Computerized Accounting Final Account ရေးဆွဲနိုင်ရမည်။
အင်္ဂလိပ်စကား အသင့်အတင့်ပြောဆိုနိုင်ရမည်။

၃။ **Cashier /အရောင်း၀န်ထမ်း** မ(၆) ဦး
ဘွဲ့ရဖြစ်ရမည်။ အရပ် ၅ပေ ၄ လက်မ မနည်းဆုံးရှိပြီး ရုပ်ရည်ချောမောရမည်။
ဆက်ဆံရေးကောင်းရမည်။ အင်္ဂလိပ်စကားကျွမ်းကျင်စွာ ပြောဆိုနိုင်ရမည်။

လျှောက်ထားလိုသူများသည် ပညာအရည်အချင်း အထောက်အထား၊ မှတ်ပုံတင်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ကိုယ်ရေး ရာဇ၀င်၊ဓာတ်ပုံ(၂)ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်တို့နှင့်အတူ ၁၀-၉-၂၀၀၈ရက်နောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လျှောက်ထားနိုင်ပါသည်။

အမှတ်-၅၅/၆၅ ရွှေတိဂုံဘုရားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၈၃၉၀၅။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၈ ခုနှစ် ဩဂုတ်လအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
(၃၁-၈-၂၀၀၈) ရက်နေ့
၂၀၀၈ ခုနှစ် စက်တင်ဘာလအတွက်
(၁၄-၉-၂၀၀၈)ရက်နေ့နှင့် (၂၈-၉-၂၀၀၈)ရက်နေ့။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သစ္စာလမ်း၊ အမှတ်၄၇နေ
ဦးကျော်ငွေ-ဒေါ်ခင်မာမာတို့၏သားကြီး
မောင်ပြည့်ဖြိုးထွန်း
(First Year, Computer)
Dip in Hospitality and Tourism Management
Asia Pacific Management Institute Kaplan Singapore
နှင့်
ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၇လမ်း၊ အမှတ်၂၁၆နေ
ဦးကြည်မြင့်-ဒေါ်မြင့်မြင့်ခင်တို့၏သမီးကြီး
မဆုရည်မွန်
(Final Year, English)
General Business English Senmonshi(TES Japan)
Hybrid Kabushiki Kaisha Tokyo Japan
တို့သည် ၂၇-၈-၂၀၀၈ရက်တွင် နှစ်ဖက်သောမိဘများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ပြည့်ဖြိုးထွန်း-မဆုရည်မွန်။

အထက သု၀ဏ္ဏ တက္ကသိုလ်၀င်စာမေးပွဲ ထူးချွန်ဆုများ ချီးမြှင့်ပေးအပ်

ရန်ကုန် ဩဂုတ် ၃၀

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အထက သု၀ဏ္ဏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာ အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်၀င်စာမေးပွဲဂုဏ်ထူးရှင်များအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၈နာရီက မူလတန်းစာသင်ဆောင် (ယုဇန)၌ ကျင်းပရာ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးခင်ဝေ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘဆရာအသင်း နာယကများဖြစ်သော ဦးထွဏ်းထွဏ်း၊ ဒေါ်ရီရီမြင့်၊ ဒေါ်ရီရီ၀င်း၊ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြ၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်းအုပ်ကြီးများ ဖြစ်သော ဒေါ်၀င်းမြင့်(အထက-၁)၊ဒေါ်တင်နွဲ့ (အထက-၂)၊ ဒေါ်ခင်ခင်မြင့် (အထက-၃)၊ ကိုကိုးကျွန်း အထက ကျောင်းအုပ်ကြီး ဦးအေးသင်းနှင့် အလယ်တန်းကျောင်းအုပ်ကြီးများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးချစ်မျိုး၊ အတွင်းရေးမှူး ဦးကျော်ကျော်နှင့်အဖွဲ့၀င်များ၊ မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နီနီရှိန်နှင့် အမှုဆောင်များ၊ ကျောင်းတာ၀န်ခံ ဆရာမကြီးဒေါ်မြမြကြည်နှင့် ဆရာဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဆုတံဆိပ်

အခမ်းအနားတွင် တာ၀န်ရှိသူများက အမှာစကားပြောကြားကြပြီး ၂၀၀၈ခုနှစ် တက္ကသိုလ်၀င်တန်းစာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင်၊ ဗဟိုအဆင့်သချ်ာအိုလံပစ်သတ္တုမဆုရ မောင်မြတ်သီဟကျော်နှင့် ဂုဏ်ထူးရှင် ၉၄ဦးတို့အား ဆုတံဆိပ်များ ချီးမြှင့် ပေးအပ်သည်။

အလှူရှင်

ထို့နောက် ကျောင်းဘက်စုံဖွံ့ဖြိုးရေးအတွက် အလှူငွေကျပ် ၇၃၁၀၀၀ လှူဒါန်းသော **(အပေါ်ပုံ)** ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယက ဦးထွဏ်းထွဏ်း-ဒေါ်စန်းစန်းဝေ မိသားစုနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများတစ်ဦးချင်းပေးအပ်သည်။ **(ပညာရေး)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၄)၊ အမှတ် (၃၄) ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၃၀

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၃၄)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ **‘သားရွှေအိုးထမ်းစေချင်သည်လား အလွယ်ကလေး အနီးကလေး’ အယ်ဒီတာ့ဒိုင်ယာရီနှင့်အတူ** စစ်တွေတွင် ဂျီအက်စ်အမ်ဖုန်းသုံးနိုင်ပြီ၊ ရေလုပ်ငန်းများ ပြန်လည်ထူထောင်ရေး ကန်ဒေါ်လာ၁၆သန်းခန့် ကူညီမည်၊ ပြည်ပပို့ကုန်အမယ်သစ် စမ်းသပ်တင်ပို့လိုသူများ ပံ့ပိုးကူညီပေးသွားမည်၊ ဓာတုအဆိပ်သင့်အန္တရာယ်ပိုများလာ၊ မျက်မမြင် ကျောင်းသားများ အင်တာနက်သုံးနိုင်ပြီ၊ စင်ကာပူတွင် ဟိုတယ်၀န်ထမ်းများ လိုအပ်လာမည်ဖြစ်ရာ အခွင့်အရေးတစ်ရပ်အဖြစ်ရယူနိုင်၊ မွေးကင်းစကလေးကို ပွေ့ဖက်နမ်းရှုပ်ခြင်း မိဘများသတိပြုရှောင်ရှားသင့်၊ တိုင်းရင်းဆေး၀ါးများ သိပ္ပံနည်းကျဖော်စပ်ရောင်းချလျှင် ဆေး၀ါးအာနိသင် ပိုမိုအစွမ်းထက်နိုင်စသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ **‘တစ်ပတ်ထဲမှာ ပြောစရာ (Quotes of the Week)’ ကဏ္ဍ**၊ မွေးပုံ့သင်းကြိုင်ရနံ့လှိုင်… မျက်မှောက် ရေးရာရှုမြင်သုံးသပ်ဆောင်းပါးများ ၀ေ၀ေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ကမ္ဘာကြီးကို ခါးစောင်းတင်မည့်အကြံ၊ ‘အနောက်က စိုးရိမ်ဖွယ်ရာအမှားတွေကို ကျူးလွန်ခဲ့တယ်’ ဂျာမနီ၀န်ကြီးချုပ်ဟောင်း ဂါဟတ်ရှရိုးဒါးနှင့်တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ ဂေါင်လီ စင်ကာပူနိုင်ငံသူအဖြစ် ခံယူမည်လား ဒွိဟဖြစ်နေ၊ မလေးရှားပြည်သူများ၏ သွားလာရေးအခက်အခဲကို သိရှိရန် ၀န်ကြီးချုပ်ကိုယ်တိုင် ကွင်းဆင်းရထားစီးလေ့လာ၊ အာဆီယံနိုင်ငံများမှ အသက်မွေး၀မ်းကျောင်း ပညာရှင်များဒေသတွင်း ပိုမိုလွယ်ကူစွာ အလုပ်လုပ်နိုင်တော့မည်၊ ဂျပန်အိမ်ခြေမဲ့များ အင်တာနက်ကဖေးဆိုင်တွင် အိပ်စက်ကြ၊ အားကစား၀တ်စုံအရောင်များက ဒိုင်လူကြီးအား ဘက်လိုက်မှုဖြစ်၊ ဗြိတိသျှစစ်သားများ၏အသက်ကို ကာကွယ်ပေးနိုင်မည့် စက်ရုပ် တီထွင်နိုင်ပြီ၊ ဘရူနိုင်းအားကစားသမားများ အိုလံပစ်ပွဲမပါ၍ အားကစား၀န်ကြီးအဖွဲ့ကို အပြောင်းအလဲလုပ်၊ တံစိုးလက်ဆောင်ယူသည့် စင်ကာပူအရာရှိတရားစွဲခံရပြီ၊ အခမဲ့ညစာစားခွင့် ၁၅နှစ်ကြာပြီးမှ လာရောက်စားသောက်ခဲ့စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေး သုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

ဒဂုံဆိပ်ကမ်းစက်မှုမြို့တွင် စက်ရုံမြေကွက်များကို ၀ယ်ယူထားကြသည့် မြေကွက်ပိုင်ရှင်များ စက်မှုမြို့စီမံခန့်ခွဲရေးကော်မတီနှင့်အမြန်လာရောက်ဆက်သွယ်ကြရန် နှိုးဆော်ချက်

ဒဂုံဆိပ်ကမ်း စက်မှုမြို့တွင် အောက်ဖော်ပြပါစက်ရုံမြေကွက်များကို ၀ယ်ယူထားကြသူများအနက် အချို့ပိုင်ရှင်များသည် စီမံခန့်ခွဲရေးကော်မတီနှင့် ယနေ့ထက်တိုင် လုံး၀လာရောက်ဆက်သွယ်ခြင်းမရှိကြသလို အချို့ပိုင်ရှင်များအနေဖြင့် တစ်ကြိမ်သာ လာရောက်ဆက်သွယ်ကြပြီး နောက်ပိုင်း လာရောက်ဆက်သွယ်မှုမရှိကြတော့ဘဲ စက်ရုံများတည်ဆောက်မှုမရှိကြခြင်း၊ လုပ်ငန်းဆောင်ရွက်မှုမရှိကြခြင်းတို့ကြောင့် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီအနေဖြင့် စက်မှုဇုန်လုံခြုံရေးဆောင်ရွက်ရာတွင်လည်းကောင်း၊ စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင်လည်းကောင်း အခက်အခဲများရှိနေပါသည်။

သို့ဖြစ်ပါ၍ စက်ရုံမြေကွက်ပိုင်ရှင်များအနေဖြင့် ၂၀၀၈ခုနှစ် အောက်တိုဘာ ၃၁ရက် နောက်ဆုံးထား၍ ဒဂုံဆိပ်ကမ်းစက်မှုမြို့ စီမံခန့်ခွဲရေးကော်မတီ အမှတ် ၉၇ ဖန်ချက်၀န်ဦးရွှေအိုးလမ်း ဒဂုံဆိပ်ကမ်း စက်မှုမြို့သို့ အမြန်လာရောက်ဆက်သွယ်ကြရန် နှိုးဆော်အပ်ပါသည်။

အကယ်၍ လာရောက်ဆက်သွယ်ရန် ပျက်ကွက်ပါက မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ညှိနှိုင်းပြီး အထက်အဖွဲ့အစည်းများသို့ တင်ပြအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ဇုန်(၁)အတွင်းရှိ မြေကွက်များ

၁၂၊ ၁၈၊ ၁၉၊ ၂၂၊ ၂၃၊ ၃၇(ခ)၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂(က)၊ ၄၃၊ ၄၄၊ ၄၅၊ ၄၇၊ ၅၆(က)၊ ၅၆(ခ)၊ ၆၃၊ ၆၄(က)၊ ၆၆၊ ၆၇၊ ၆၈၊ ၆၉၊ ၇၀၊ ၇၁၊ ၇၂၊ ၇၃၊ ၇၄(က)၊ ၇၇၊ ၇၈၊ ၇၉၊ ၈၃၊ ၈၄၊ ၁၀၀၊ ၁၀၁၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၁(ခ)၊ ၁၁၃၊ ၁၁၄၊ ၁၁၅၊ ၁၁၆၊ ၁၂၀၊ ၁၂၁၊ ၁၂၂၊ ၁၃၀(က)၊ ၁၃၀(ခ)၊ ၁၃၂၊ ၁၃၃၊ ၁၄၅(ခ)၊ ၁၄၉(က)၊ ၁၄၉(ခ)၊ ၁၅၅၊ ၁၅၆၊ ၁၅၇၊ ၁၅၈၊ ၁၅၉၊ ၁၆၀၊ ၁၆၅၊ ၁၆၆၊ ၁၆၇(က)၊ ၁၆၇(ခ)၊ ၁၆၈၊ ၁၆၉၊ ၁၇၂(က)၊ ၁၇၂(ခ)၊ ၁၇၄(က)၊ ၁၇၄(ခ)၊ ၁၇၅၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၈၄(က)၊ ၁၈၄(ခ)၊ ၁၈၅၊ ၁၈၉၊ ၁၉၁၊ ၁၉၃၊ ၁၉၄(ခ)၊ ၁၉၈/၁၊ ၁၉၈/၄၊ ၁၉၈/၅၊ ၂၀၀၊ ၂၂၃၊ ၂၂၄။

ဇုန်(၂)အတွင်းရှိမြေကွက်များ

၁(က)၊ ၂၊ ၃၊ ၅၊ ၇၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၂၁၊ ၂၇၊ ၂၈၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၄၊ ၅၅၊ ၅၈၊ ၅၉၊ ၇၃၊ ၇၇၊ ၈၂၊ ၈၄၊ ၈၅၊ ၈၆၊ ၈၇၊ ၈၈၊ ၉၁၊ ၉၃၊ ၉၄၊ ၉၅၊ ၁၀၉၊ ၁၁၃၊ ၁၁၄၊ ၁၁၅၊ ၁၁၇၊ ၁၁၈၊ ၁၂၁၊ ၁၂၃၊ ၁၂၄၊ ၁၂၅၊ ၁၂၇၊ ၁၂၈၊ ၁၂၉၊ ၁၃၀၊ ၁၃၁၊ ၁၃၂၊ ၁၃၃၊ ၁၃၃(က)၊ ၁၃၄၊ ၁၃၅၊ ၁၄၂(က)၊ ၁၄၂(ခ)၊ ၁၄၃၊ ၁၄၄၊ ၁၄၅၊ ၁၄၆၊ ၁၄၇၊ ၁၄၈၊ ၁၄၉၊ ၁၅၀၊ ၁၅၁၊ ၁၅၂၊ ၁၅၃၊ ၁၅၄၊ ၁၅၅၊ ၁၅၆၊ ၁၅၇၊ ၁၅၈၊ ၁၆၀၊ ၁၆၁၊ ၁၆၂၊ ၁၆၃၊ ၁၆၄၊ ၁၆၅၊ ၁၆၆၊ ၁၆၇၊ ၁၆၈၊ ၁၆၉၊ ၁၇၀၊ ၁၇၂၊ ၁၇၃။

စီမံခန့်ခွဲရေးကော်မတီ
ဒဂုံဆိပ်ကမ်းစက်မှုမြို့။



ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် တာဝန်ရှိသူများ ဩဂုတ် ၁၈ရက်က လင်းခေးမြို့ မြို့မစည်ပင်သာယာဈေးအတွင်း ရောင်းဝယ်ဖောက်ကားမှု အခြေအနေကို ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်ဝေက ရှင်းလင်းတင်ပြစဉ်။ (ခရိုင် ပြန်/ဆက်)

ဌာနပေါင်းစုံ ခြံစည်းရိုးကြက်ဆူနှင့် ဆေးစ်ဟားရ်ရေအားလျှပ်စစ်စက်ရုံ ဖလမ်းခရိုင်ဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

ဖလမ်း ဩဂုတ် ၂၆

ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်စည်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၂၃ရက် နံနက် ၁၀နာရီက ဖလမ်း-ဗားရ်စခန်းအကြားရှိ ခရိုင်၊ မြို့နယ်ဌာနပေါင်းစုံ ခြံစည်းရိုးကြက်ဆူစိုက်ခင်းသို့ သွားရောက်၍ စိုက်ခင်းပေါင်းရှင်းခြင်းနှင့် စိုက်ပျိုးခြင်းများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဆေးစ်ဗားရ်ရေအားလျှပ်စစ်စက်ရုံသို့ သွားရောက်၍ စက်ရုံဝန်ထမ်းများအား လုပ်ငန်းတာဝန်ကျေပွန်ရေးနှင့်စက်ကြံ့ခိုင်ရေး အလေးထားဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းပေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရွှေဟောင်းသမိုင်းဝင် ဗျာဒိတ်တော်ရ ရွှေဆံတော်စေတီ မြေထိန်းနံရံနှင့် ကျောက်ပြားခင်းရန် သံတွဲ၌ ငွေလှူဒါန်း

သံတွဲ ဩဂုတ် ၂၅

သံတွဲမြို့ ရွှေဟောင်းသမိုင်းဝင်ဗျာဒိတ်တော်ရ ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ကုန်းတော်မြေပြိုမှုကို မြေထိန်းနံရံတည်ဆောက်ခြင်း၊ ရင်ပြင်တော်အား စကျင်ကျောက်ပြားခင်းခြင်းနှင့် စတီးလ်လက်ရန်း တပ်ဆင်ခြင်းလုပ်ငန်းများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၆ရက် မွန်းတည့် ၁၂နာရီက ရွှေဆံတော်ရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် သံတွဲမြို့ ဂန္ဓမာလမ်း ဦးထွန်းရီ-ဒေါ်စောရွှေ(တိုင်းသစ်ရတနာဆိုင်)က ငွေကျပ် ၃၅၀၀၀၀ **(အပေါ်ပုံ)**၊ သံတွဲမြို့ ရွှေဆံတော်ဘုရားလမ်း ဦးကျော်သန့်-ဒေါ်တင်မေ မိသားစုက ငွေကျပ် ၃၇၅၀၀၀၊ သံတွဲမြို့ ဗိုလ်ချုပ်လမ်း ဒေါ်ထွေးကြည် မိသားစုက ငွေကျပ် ၃၅၀၀၀၀၊ ဦးသက်ဦး-ဒေါ်သိန်းနု မိသားစုက ငွေကျပ် ၃၀၀၀၀၀ တို့ကို စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းရာ ရွှေဆံတော်စေတီဂေါပကအဖွဲ့က လက်ခံယူကြသည်။

လှူဒါန်းနိုင်

အလှူရှင်များအနေဖြင့် မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း (၁၀ပေ×၁၀ပေ)တစ်ကွက်လျှင် ငွေကျပ် ၂၀၀၀၀၀၊ ရင်ပြင်တော်ကျောက်ပြားခင်းခြင်းလုပ်ငန်း (၄ပေ×၄ပေ)တစ်ကွက်လျှင် ငွေကျပ် ၅၀၀၀၀နှင့် စတီးလ်လက်ရန်း ၁၀ပေ တစ်ခန်းလျှင် ငွေကျပ် ၂၅၀၀၀၀နှုန်းဖြင့် ရွှေဆံတော်ဂေါပကအဖွဲ့ရုံး ဖုန်း-၀၄၃-၆၅၃၈၁သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၆ရက်က အုတ်တွင်းမြို့ သီရိရတနာခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်စဉ်။ (၃၁၆)

မြင်းခြံ မိခင်/ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းဖွင့်

မြင်းခြံ ဩဂုတ် ၂၆

မြင်းခြံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းဖွင့်ပွဲ အခမ်းအနားကို မြင်းခြံမြို့ အမှတ် ၁၉ရပ်ကွက်၌ ဩဂုတ်၁၉ရက် နံနက် ၁၀နာရီက ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါက်တာဒေါ်ခင်သီတာက အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စောသီတာက သားဖွားခန်းဖွင့်လှစ်ပွဲ အထိမ်းအမှတ်အလံကို ပေးအပ်ရာ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်သီတာက လက်ခံယူသည်။

ယင်းနောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဌေးဌေးက သားဖွားခန်းဆောက်လုပ်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ညောင်ရွှေ၌ စာကြည့်တိုက်အခြေခံရက်တိုသင်တန်းဖွင့်

ညောင်ရွှေ ဩဂုတ် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စာကြည့်တိုက်ပညာ(ဆင့်ပွား)ရက်တိုသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၉ရက် နံနက် ၉နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးတင်အောင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ သင်တန်းကို စတင်ဖွင့်လှစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော မြို့ဝင်ဆိုင်းဘုတ်အနီး ကျောက်စီနံရံပြုလုပ်ခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးနေထက်ရှိန် ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၃ ဦးကျော်လင်းဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ကျောက်ပန်းတောင်း၌ စီမံကိန်းဝင်သီးနှံများ စိုက်ပျိုးရေးရည်မှန်း

ကျောက်ပန်းတောင်း ဩဂုတ် ၂၄

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ကူညီမှုဖြင့် ၂၀၀၈-၂၀၀၉ခုနှစ် စီမံကိန်းဝင်သီးနှံများ စိုက်ပျိုးရေးရည်မှန်းချက် အကောင်အထည်ဖော်မှုတွင် ဇူလိုင်၃၁ရက်က မိုးစပါး၂၉၅၉၄ဧက၊ ဆီထွက်သီးနှံ ၁၈၅၅၁၈ဧက၊ ပဲမျိုးစုံ ၂၅၇၀၂ ဧကနှင့် အခြားသီးနှံ ၂၁၇၄၀၃ ဧက စုစုပေါင်း ၄၅၈၂၁၇ ဧက စိုက်ပျိုးမည် ဖြစ်ကြောင်း သိရသည်။ **(၀၈၁)**

မြို့နယ်သတင်းများ

မောင်တော မြို့နယ်စည်ပင်သာယာရေး အဖွဲ့ပိုင် မောင်တော-ကျီးကန်းပြင်(မြောက်ပိုင်း) တံတား အမှတ်(၁၉)ကို ရာသီမရွေး ယာဉ်များ သွားလာနိုင်ရေး အတွက်ပြုပြင်ဆောင်ရွက်မှုအား အမှုဆောင် အရာရှိ ဦးဌေးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ဝင်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

အိမ်တွင်းမှုသင်တန်း ပခုက္ကူမြို့၌ ဖွင့်လှစ်

ပခုက္ကူ ဩဂုတ် ၂၈

ပခုက္ကူမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၉)နှင့် အဆင့်မြင့်အိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲကို ဩဂုတ်၂၅ရက် နံနက် ၈နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးစန်းဝင်းက အမှာစကား ပြောကြားပြီး သင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသောင်းက သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ (၀၇၀)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e-Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှသောကြာ) နံနက် ၈ နာရီမှ ၁၀ နာရီအထိ

(စနေ၊ တနင်္ဂနွေ) နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ

၁-၉-၂၀၀၈(တနင်္လာနေ့)
- ☐ Language and Education(1)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Language and Education(2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂-၉-၂၀၀၈(အင်္ဂါနေ့)
- ☐ Language and Education(3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Introducing Sociolinguistics(1)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၃-၉-၂၀၀၈(ဗုဒ္ဓဟူးနေ့)
- ☐ Introducing Sociolinguistics(2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Introducing Sociolinguistics(3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၄-၉-၂၀၀၈(ကြာသပတေးနေ့)
- ☐ Stylistics(1)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Stylistics(2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၅-၉-၂၀၀၈(သောကြာနေ့)
- ☐ Stylistics(3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ A Survey of Literary Theories(1)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၆-၉-၂၀၀၈(စနေနေ့)
- ☐ English Literature Poetry
  - တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Morphology
  - တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ The Merchant of Venice Plot and Characterization
  - တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ On his Blindness-John Milton
  - တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Some Practical Considerations in a work of Translation
  - တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Texonomic Grammar and its Contributions to English Language Teaching
  - တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Shall I Compare thee to a Summer's day by William Shakespeare(1564-1616)
  - တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ

၇-၉-၂၀၀၈(တနင်္ဂနွေနေ့)
- ☐ Conflict of Law
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Administrative Tribunals
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Country Profile of ASEAN Members
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Military Law
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Civil Jurisdiction
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Classification of Constitution
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Juvenile Courts and the Methods of Reformation
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ

ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်းနှင့်အဖွဲ့ ဩဂုတ် ၁၆ရက်က လှိုင်းဘွဲ့မြို့ မြေယာရှုခင်းအလှဆင်ထားမှုကို ကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်က ရှင်းလင်းတင်ပြစဉ်။
(ခရိုင် ပြန်/ဆက်)

မိခင်နို့တိုက်ကျွေးရေး မုံရွာ၌ ပညာပေးဟောပြော အိုင်အိုဒင်းဆားနှင့် သံဓာတ်ပါဆေးများပေးအပ်

မုံရွာ ဩဂုတ် ၂၂

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ်၇ရက် နံနက် ၉နာရီက မုံရွာမြို့ သူနာပြု သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါက်တာဒေါ်မြမြအေးက မိခင်နို့တိုက်ကျွေးရေးအကြောင်း ပညာပေးဟောပြောပြီး မိခင်တစ်ဦးက မိခင်နို့တိုက်ကျွေးနေမှုကို သရုပ်ပြသပေးသည်။

ပေးအပ်

ထို့နောက် တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြဦးက ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များအား အိုင်အိုဒင်းဆား၊ သံဓာတ်အားဆေး၊ တစ်ခါသုံးမီးဖွားအိတ်များနှင့် လက်ဆောင်အရုပ်များ ပေးအပ်သည်။ **(ယာပုံ)**

ဆက်လက်ပြီး ဒုတိယတိုင်းမှူး၏ဇနီး ဒေါ်အေးအေးက ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆားနှင့် သံဓာတ်အားဆေးများကို ပေးအပ်ကြောင်းသိရသည်။ (ခရိုင် ပြန်/ဆက်)

ကျန်းမာရေးပွံ့ဖြိုးမှုဆိုင်ရာ သီပေါ၌ လူငယ်ရိပ်မွန်ဖွင့်

သီပေါ ဩဂုတ် ၁၄

ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) နှင့် (JOICFP)တို့၏ ပံ့ပိုးကူညီမှုဖြင့် ကျန်းမာရေးဝန်ကြီးဌာန ဗဟိုကျန်းမာရေးပညာဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျန်းမာရေးဖွံ့ဖြိုးမှုဆိုင်ရာ လူငယ်ရိပ်မွန်ဖွင့်လှစ်ခြင်းနှင့် လူငယ်အကျိုးဆောင် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၃ရက် နံနက် ၁၀နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုဒေသ ကျေးလက်ကျန်းမာရေးဌာန၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဗဟိုကျန်းမာရေးပညာဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လွင်က အဖွင့်အမှာစကား ပြောကြားပြီး သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်နှင့် ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာရီရီထွေးတို့က လူငယ်ရိပ်မွန်လုပ်ငန်းများ ဆောင်ရွက်မှုနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

တက်ရောက်

သင်တန်းတွင် ကျန်းမာရေးဝန်ကြီးဌာန ဗဟိုကျန်းမာရေးပညာဌာနမှ ကျန်းမာရေးပညာအရာရှိများဖြစ်ကြသော ဦးဝင်းမြင့်၊ ဦးမျိုးဇော်၊ ဒေါ်အိအိဆွေနှင့် ဒေါ်ခင်မြင့်လေးတို့က သင်တန်းဆရာများအဖြစ် ဆောင်ရွက်၍ ဘော်ကြိုဒေသ၌ နေထိုင်ကြသော အသက် ၁၅နှစ်မှ ၂၄နှစ်အတွင်းရှိ လူငယ်၄၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ကြောင်း သိရသည်။ (ဝ၂ဝ)

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်မှုကို ဩဂုတ် ၅ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးခင်မောင်ဆွေနှင့် အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကြည်တို့က ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

ရမ်းဗြဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အရိပ်ရပင်နှင့် ပန်းအလှပင်စိုက်ပျိုး

ရမ်းဗြဲ ဩဂုတ် ၂၃

ရမ်းဗြဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပစေရေးအတွက် အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းကို ဇူလိုင် ၂၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးဦးကျော်ညွှန့်ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများဖြင့် ဦးဥတ္တမလမ်း၊ စောမဲကျီလမ်းဘေးဝဲယာ တစ်လျှောက်တို့တွင် ရေတမာ၊ ခရာဝါ၊ စိန်တံချူနှင့် စက္ကူပန်းပင်များ စုပေါင်းစိုက်ပျိုးရာ အမှုဆောင်အရာရှိ ဦးဝင်းသိန်း ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။
(မြို့နယ်စည်ပင်)

ပခုက္ကူမြို့ ကျော်စေတီလမ်း ကျောက်ချောလမ်းခင်းရန် တာဝန်ခံ အင်ဂျင်နီယာ ဒေါ်သန်းသန်းထွေးက ကျောက်များစုဆောင်းထားမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသက်ပိုင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပလက်ဝမြို့မဈေး၌ သွေးလွန်တုပ်ကွေး ကာကွယ်ရေးဆောင်ရွက်

ပလက်ဝ ဩဂုတ် ၂၂

ပလက်ဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး ရေမြောင်းများ ဝန်းကျင်တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ခြင်များမပေါက်ပွားနိုင်ရေး ခြင်ဆေးဖျန်းစက်ဖြင့် ပိုးသတ်ဆေးဖျန်းဆောင်ရွက်မှုကို ဇူလိုင် ၁ရက်က အမှုဆောင်အရာရှိ ဦးထွန်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သိန်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မိုင်းရှူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ အဖွဲ့ပိုင် မြို့မဈေးအတွင်းအပြင် ရေမြောင်းများ ဆယ်ယူ သန့်ရှင်းခြင်း လုပ်ငန်းကို ဇူလိုင် ၂၅ရက်က ဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အမှုဆောင်အရာရှိ ဦးအေးနိုင်တို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အင်းတော်မြို့ သန့်ရှင်းသာယာလှပရေး ပန်းအလှပင်နှင့် အရိပ်ရပင်များပြုပြင်

အင်းတော် ဩဂုတ် ၂၄

အင်းတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့သည် အင်းတော်မြို့ကို သန့်ရှင်းသာယာလှပရေးအတွက် စီမံချက်ချမှတ်၍ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၆ရက်က အင်းတော်မြို့တွင်း ရွှေဘို-မြစ်ကြီးနား ကားလမ်းတစ်လျှောက် လမ်းဘေးဝဲယာနှင့် မြို့ပတ်လမ်းတစ်လျှောက် လမ်းဘေးဝဲယာများတွင် အလှပန်းပင်များ စိုက်ပျိုးပြုပြင်ခြင်း၊ အရိပ်ရပင်များပြုပြင်ခြင်းနှင့် ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ခြင်းလုပ်ငန်းများကို အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးနှင့်အဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၃ဝ)**

စာပေများဖတ်ရှုလေ့လာရေး ချောင်းဦး၌ဆွေးနွေး

ချောင်းဦး ဩဂုတ် ၂၀

မုံရွာခရိုင် ချောင်းဦးမြို့နယ် မှန်ချိုကျေးရွာအုပ်စု မှန်ချိုကျေးရွာ၌ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာပေများဖတ်ရှုလေ့လာရေး ဆွေးနွေးပွဲကို ဩဂုတ် ၇ရက် မွန်းလွဲ ၂နာရီက မှန်ချိုကျေးရွာ ရွှေဂူဘုရား အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ဆွေးနွေးပွဲတွင် မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သောင်းသောင်းဝင်းက ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် စာပေများ ဖတ်ရှုလေ့လာရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

လှူဒါန်း

ထို့နောက်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိဒေါ်သောင်းသောင်းဝင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖိုးချိုတို့က မှန်ချိုကျေးရွာ တက်လမ်းစာကြည့်တိုက်သို့ စာအုပ်စာစောင်များ လှူဒါန်းရာ စာကြည့်တိုက်မှူး ဒေါ်လှသန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်လွင်တို့က လက်ခံယူကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်းများ

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး စည်းကမ်းထိန်းသိမ်းရေးနှင့် မီးဘေးလုံခြုံရေးတို့အတွက် ဆိုင်ခန်းများ ခင်းကျင်း ရောင်းချမှုနှင့် လုံခြုံရေး လျှပ်စစ်မီးများ အသစ်ပြုပြင်သွယ်တန်း ထားရှိမှု အခြေအနေကို ဇူလိုင် ၃၁ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်အေး၊ ဈေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့်အဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဆီဆိုင် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း နာယကဒိုင်း ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်

ဆီဆိုင် ဩဂုတ် ၂၁

ဆီဆိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယကဒိုင်း ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၀ရက် မွန်းလွဲ ၂နာရီက အောင်သပြေ ဘောလုံးကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခိုင်ထွန်းက အမှာစကား ပြောကြားပြီး ဘောလုံးကန်သွင်းကာ ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲတွင် မြကန်သာရပ်ကွက်အသင်းနှင့် အောင်ချမ်းသာရပ်ကွက်(က) အသင်းတို့ ယှဉ်ပြိုင် ကစားကြသည်။

အဆိုပါပြိုင်ပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်အသင်း ၁၄သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်
★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ကျိုင်းတောင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ကျိုင်းတောင်းမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဩဂုတ်၂၇ရက် နံနက်ပိုင်းက ကျိုင်းတောင်းမြို့ နန့်တိန်းခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး ကျိုင်းတောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ၏ Science Laboratory Room, Libary Room, Computer Room, Language Lab, Learning Center နှင့် စာသင်ခန်းများအတွင်း စာပေသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးကာ ကျိုင်းတောင်းမြို့ရှိ (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံ၌ ဆေးရုံတက်ရောက် ကုသမှုခံယူနေသော လူနာများအတွက် စားစရာများနှင့် ထောက်ပံ့ငွေများပေးအပ်၍ ခွဲစိတ်ခန်း၊ ဆေးစတိုခန်း၊ သားဖွားခန်း၊ ဓာတ်မှန်ခန်းနှင့် သွားနှင့်ခံတွင်း ရောဂါကုသဌာနတို့ကို ကြည့်ရှုစစ်ဆေးသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ●

စာပေသင်ကြားမှု ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ကျိုင်းတောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ၏ Science Laboratory Room, Libary Room, Computer Room, Language Lab, Learning Center နှင့် စာသင်ခန်းများအတွင်း စာပေသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အမျိုးသားတံခွန်စိုက် အလွတ်တန်းနှင့် အသက်(၂၀)နှင့်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ စတင်ကျင်းပ

သတင်းမြင့်ကွင်းနှင့် ဓာတ်ပုံ - ဖိုးသော်ဇင်
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် ဩဂုတ် ၃၀

၂၀၀၈ခုနှစ် အမျိုးသားတံခွန်စိုက် အလွတ်တန်းနှင့် အသက်(၂၀)နှင့်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့ နံနက်ဂနာရီမှစ၍ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ စတင်ကျင်းပသည်။

အဖွင့်ပွဲစဉ်

အဖွင့်ပွဲစဉ်များအဖြစ် ယူ-၂၀ အမျိုးသားပြိုင်ပွဲလေးပွဲ၊ အမျိုးသမီးပြိုင်ပွဲနှစ်ပွဲ၊ အလွတ်တန်းပြိုင်ပွဲတွင် အမျိုးသားတစ်ပွဲနှင့် အမျိုးသမီးတစ်ပွဲ စုစုပေါင်းရှစ်ပွဲ ကျင်းပသည်။ ယူ-၂၀ အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းက မကွေးတိုင်းကို ၅၇-၃၃မှတ်၊ စက်မှု(၁) အသင်းက မိုးကုတ်အသင်းကို ၈၃-၁၇မှတ်၊ အမျိုးသားပြိုင်ပွဲတွင် B.Boy အသင်းက Eragon (B) အသင်းကို ၇၈-၅၇မှတ်၊ မိုးကုတ်အသင်းက Furious အသင်းကို ၆၇-၄၅မှတ်၊ Golden Light House အသင်းက စစ်ကိုင်းတိုင်းကို ၉၈-၂၄မှတ်၊ Eragon(A) အသင်းက K.K.S အသင်းကို ၈၉-၃၀မှတ်၊ အမျိုးသားအလွတ်တန်း ပြိုင်ပွဲတွင် Fox အသင်းက Lion အသင်းကို ၆၂-၄၆မှတ်တို့ဖြင့် အနိုင်ရကာ နိုင်ပွဲများ စတင်ရရှိသွားကြသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✻

အမျိုးသားအလွတ်တန်း အုပ်စုပွဲစဉ်အဖြစ် Fox အသင်းနှင့် Lion အသင်းတို့ ယှဉ်ပြိုင်စဉ်။

လယ်ယာစိုက်ပျိုးရေး၌ သီးနှံဖွံ့ဖြိုး အထွက်နှုန်းကောင်းမွန်ရေး ရေငန်ဝင်ဒေသများတွင် မှန်ကန်သော ဇီဝမြေဩဇာများသုံးစွဲရန်အရေးကြီး

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ၊ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို

ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးကို အခြေခံသည်။ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် မေလဆန်းက ကျရောက်ခဲ့သောလေဘေးကြောင့် ဧရာဝတီတိုင်းရှိ လယ်ယာမြေများသို့ ရေငန်ဝင်ရောက်ခဲ့သည်ဖြစ်ရာ ယင်းနှင့်ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့်ပတ်သက်၍ အတွေ့အကြုံရင့်ကျက်သော ပညာရှင်အချို့၏ ဆွေးနွေးမှုများကို ဖော်ပြလိုက်ရပါသည်။

ဆားငန်ဓာတ်တင်ကျန်

မုန်တိုင်းကြောင့် ရေငန်ဝင်ရောက်ခဲ့မှုနှင့်ပတ်သက်ပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြေအသုံးချရေးဌာနခွဲမှ အငြိမ်းစားအထွေထွေမန်နေဂျာ ဒေါက်တာဝင်းထင် (Ph.D) က ""ဒီမုန်တိုင်းက ပမာဏကြီးမားတာမို့ ရွှေ့လျားမှုက တစ်နာရီကို ၁၀မိုင်နှုန်းလောက်ပဲရှိတယ်။ ဒီလိုရွှေ့လျားမှု နှေးကွေးလို့ သဲနဲ့ ဆားငန်ဓာတ်တွေ တင်ကျန်မှုများစေခြင်းဖြစ်ပါတယ်။ မုန်တိုင်းနဲ့ပါလာတဲ့ မုန်တိုင်းဒီရေတွေဟာ ကုန်းတွင်းပိုင်းအထိ ရောက်ခဲ့လို့လည်း နေရာအတော်များများမှာ သဲနဲ့ဆားငန်ဓာတ်တွေ တင်ကျန်မှု ဖြစ်စေခဲ့တာပါ""ဟု ဆွေးနွေးပြောကြားသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ■